# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၁)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်တဲနှင့် ထုံးဘိုတို့ရှိ တပ်မတော်အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက်ကိရိယာများနှင့် မော်တော်ယာဉ်များ ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် အကြီးစား စက်ရုံ(ထုံးဘို) ၌ မော်တော်ယာဉ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဆင်တဲနှင့် ထုံးဘိုတို့ရှိ နယ်မြေခံတပ်မတော်အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်များ ထုတ်လုပ်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### လိုအပ်သည်များ လမ်းညွှန်မှာကြား

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် တပ်မတော် အကြီးစားစက်ရုံ (ဆင်တဲ) သို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်ထားရှိသည့် လက်ဆွဲကောက်စိုက်စက်နှင့် Manual Drum Seeder များအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ စက်ရုံမှလယ်ယာသုံး စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

## ရုပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ရုပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) တွင် ဖော်ပြထားပါသည်။



**ယနေ့ ဖတ်စရာ**

၂၀၂၅ - ၂၆ အချိုးအကွေ့တစ်ခု သမိုင်းဝင် မှတ်တမ်းတစ်ခု — ဆောင်းပါး — စာ ၈

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ — ပြည်တွင်းသတင်း — စာ ၁၀

လူငယ်၊ ယှဉ်ပြိုင်မှု၊ စွန့်ဦးတီထွင်လုပ်ကိုင်မှုနှင့် ငြိမ်းချမ်းရေးမျှော်လင့်ချက် — ဆောင်းပါး — စာ ၁၂






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော် အကြီးစားစက်ရုံ(ဆင်တဲ) အစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

- ❖ **မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့် လယ်ထွန်စက်များနှင့် စက်ကိရိယာများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်**
- ❖ **စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများရရှိစေရေး ဆောင်ရွက်သွားရန်လို**
- ❖ **ထုတ်လုပ်လိုက်သည့် စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျ သုတေသနပြုထုတ်လုပ်**

❍ *ရှေ့ဖုံးမှ*

လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်ကိရိယာများ၊ လက်သုံးကိရိယာများ ထုတ်လုပ်မှု၊ လယ်ယာသုံး စက်ကိရိယာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့် လယ်ထွန်စက်များနှင့် စက်ကိရိယာများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်လုပ်လိုက်သည့် စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျသုတေသနပြု ထုတ်လုပ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ လုပ်ငန်းခွင်ကျွမ်းကျင်မှုအလိုက် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စားရေးရိက္ခာအထောက်အကူဖြစ်စေသည့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းမိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း အလုပ်ရုံများအား လှည့်လည်၍ လက်ဆွဲကောက်စိုက်စက်၊ Manual Drum Seeder များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ သံရည်ကြိုအလုပ်ရုံအတွင်း စက်ပစ္စည်းအစိတ်အပိုင်းများ သွန်းလောင်းထုတ်လုပ်နေမှု၊ သံဂဟေချောင်းအလုပ်ရုံအတွင်း သံဂဟေချောင်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။

ညနေပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ ထုတ်လုပ်နိုင်မှု စွမ်းရည်များနှင့် တစ်နှစ်ထုတ်လုပ်နိုင်မှု အခြေအနေများ၊ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မော်တော်ယာဉ်များအား ထုတ်လုပ်လျက်ရှိမှု၊ သုတေသနပြု ဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်မောင်းနှင်ခြင်းများ ဆောင်ရွက်ပြီးစီးပါက တပ်မတော်နှင့် ဌာနဆိုင်ရာများသို့ ထုတ်ပေးလျက်ရှိမှုတို့နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်များအား ထုတ်လုပ်ရာတွင် အစိတ်အပိုင်းများအားလုံးကို မိမိတို့ ကိုယ်တိုင်ထုတ်လုပ်အသုံးပြုနိုင်ရန်လိုပြီး အစိတ်အပိုင်းများအား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ထုတ်လုပ်ပြီး စက်ပစ္စည်း အစိတ်အပိုင်းများအား တစ်ခုချင်းစီအလိုက် အရည်အသွေးစမ်းသပ်ခြင်းများ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ဆင်တဲ) စက်ရုံအတွင်း အလုပ်ရုံများအား လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ဆင်တဲ) လယ်ယာသုံးစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ပြီးမှသာ တပ်ဆင်အသုံးပြုခြင်းဆောင်ရွက်ရန်နှင့် မော်တော်ယာဉ် အရည်အသွေးစစ်ဆေးခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အရေအတွက်ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်လာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ အလုပ်ရုံများအတွင်း မော်တော်ယာဉ်များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်ပြီးမော်တော်ယာဉ်များအား စစ်ဆေးစမ်းသပ်နေမှုနှင့် ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် အကြီးစား စက်ရုံ(ထုံးဘို) ၌ ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မတီဝင်များ ဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အကောင်အထည်ဖော်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း တိုးတက်များပြားလာသည့် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူ အဆင်ပြေချောမွေ့စေရေးအတွက်လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက်၏ အထွေထွေနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်များအရလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**ချိတ်ဆက်ဆောင်ရွက်**

နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ်ကို ၂၀၂၈ ခုနှစ်တွင် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ရာ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပြီး စနစ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် ပါဝင်သည့်ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပြည့်ဝစွာ ဆောင်ရွက်ကြရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစဉ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေး ဆိုင်ရာ သဘောတူညီချက် Article (10.4) နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကြေး၊ ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်မှုအတွက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သက်ဆိုင်ရာဌာနများမှ ကော်မတီအဖွဲ့ဝင်များက ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ မှန်ကန်မှုနှင့် လုံခြုံမှုရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စနစ်အကောင်အထည် ဖော်ရေးတွင် ကုမ္ပဏီများ ပါဝင်ဆောင်ရွက်လာခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာနိုင်မှု အခြေအနေများ၊ အဓိက ပို့ကုန်၊ သွင်းကုန်များဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းထွက်ကုန်များဆိုင်ရာ ပိုးမွှားကင်းစင်ရေး (Technical Barriers to Trade – TBT နှင့် Sanitary and Phytosanitary (SPS) mea–sures) ဆိုင်ရာကိစ္စရပ်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု (Food and Drug Administration – FDA) စသည်တို့နှင့် စပ်လျဉ်း၍ နည်းပညာ အသုံးပြုဆောင်ရွက်နေသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဒို့ညီနောင်ထု တည်ထောင်ပြု
ပြည်ထောင်စုအတွက် လက်ချင်းဆက်။

စည်းလုံးချစ်ကြည် မြဲခိုင်ကျည်
ပေါင်းစုညီညာ ပြည်သာယာ။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသအတွင်း အသား၊ ငါး၊ နို့နှင့် ဥ ဖူလုံမှုအခြေအနေများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသတွင်း ပညာရည်မြှင့်တင်ရေးနှင့်၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့သည် လမ်းဆုံလမ်းခွနေရာတွင် တည်ရှိနေပြီး တိုင်းလေးတိုင်းဆုံရာ အချက်အချာကျသည့် နေရာတစ်ခုဖြစ်သဖြင့် လမ်းဆုံနေရာအား အထိမ်းအမှတ်နေရာတစ်ခုကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး

> ❒ **ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့် ဆန်များကိုအသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဝါအား စမ်းသပ်စိုက်ပျိုးနေသည်ကို သိရှိရကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကိုအခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်ကြစေလို**

ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပန်းတောင်းမြို့နယ်သို့ ပထမဦးဆုံးလာရောက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲတစ်ဦးဖြစ်သဖြင့် ဒေသခံများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ပန်းတောင်းမြို့နယ်မှ ဒေသခံများအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး တညီတညွတ်တည်း ပါဝင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမင်းနောင်တို့က ပန်းတောင်းမြို့နယ်အနေဖြင့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိမှု၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း Agro-Base Industry များကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသော်လည်း ထိုက်သင့်သည့်ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်ရန် လိုအပ်ချက်များရှိနေမှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းရှိ စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မှု၊ နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို နိုင်ငံအဝန်းအားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့်ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသတစ်ခုချင်းစီအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်သကဲ့သို့ ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိမှု၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရေး၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်မှုရှိစေရေးတို့အတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆိုလာစနစ်သုံးမြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်သုံးမြေအောက်ရေထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဒေသအနီးဝန်းကျင်ရှိ စိုက်ပျိုးမွေးမြူရေးသိပ္ပံများတွင်လည်း အတတ်ပညာများ တက်ရောက်သင်ကြား၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပန်းတောင်းမြို့နယ်သို့ ပထမဆုံးလာရောက်သည်ဟု သိရှိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပန်းတောင်းမြို့သည် သမိုင်းကြောင်းအစဉ်အလာရှိသည့် နေရာတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ ထူးခြားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆန်ဖူလုံမှုသည် ၂၀၀ ရာခိုင်နှုန်းကျော်၊ ပဲဖူလုံမှုသည် ၃၀၀ ရာခိုင်နှုန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆန်များထုတ်လုပ်နိုင်ရေးအတွက် ပေါ်ဆန်းမွှေးစပါးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် သွင်းအားစုများကို စနစ်တကျထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပန်းတောင်းဒေသအတွင်း ပေါ်ဆန်းမွှေးစပါးကို အထွက်နှုန်းကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်စီးပွားရေးအရ တွက်ခြေကိုက်နိုင်သည့် တန်ဖိုးမြင့်ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

**ဒေသတွင်းဝါစိုက်ပျိုးခြင်း မြှင့်တင်ဆောင်ရွက်**

ဆီထွက်သီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှများစွာတင်သွင်းနေရပြီး နိုင်ငံခြားငွေများ များစွာသုံးစွဲနေရကြောင်း၊ သို့သော် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် မြေပဲနှင့် အခြားဆီထွက်သီးနှံများကို ပြည်ပသို့ တင်ပို့နေသော်လည်း

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ကုန်ကြမ်းအဖြစ်သာ တင်ပို့ခြင်းဖြစ်သဖြင့် ထိုက်သင့်သလောက်ဝင်ငွေမရရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံများဖြစ်ကြသည့် နေကြာ၊ ပဲပုပ်တို့အား ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့် ဆန်များကို အသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဝါအား စမ်းသပ်စိုက်ပျိုးနေသည်ကို သိရှိရကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကိုအခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပန်းတောင်းဒေသတွင် စားရေးကို အထောက်အကူပြုစေရေးအတွက် အသားစားကြက်၊ ဥစားကြက်၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ အထက်တန်းကျောင်းများအား ဒေသအလိုက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများ၏ စားရေးကိုလည်း အထောက်အကူပြုနိုင်သကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့် ဥများကို အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း။

**နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်း ပညာတတ်အရင်းအမြစ်များလိုအပ်သဖြင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် ပညာရည်မြင့်မားရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအားလုံး အနည်းဆုံးအဆင့် အခြေခံပညာအဆင့် KG+9 အထိ သင်ကြားအောင်မြင်နိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အတန်းပညာမြင့်မားမှသာ အဆင့်မြင့်ပညာများကို သင်ယူနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာမြင့်မားလာမည်ဖြစ်ကြောင်း၊ ပညာတတ်များပေါများကြွယ်ဝမှသာ ဒေသတွင်း လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတောင်းမြို့သည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းမြို့နယ်အတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာပြီး ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

**မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ခရိုင်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဖွင့်လှစ်ရန်ကျန်ရှိသည့် ခရိုင်များတွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဆင့်၌ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအခြေခံပညာများကို ထည့်သွင်းသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများအနေဖြင့် စာပေပညာရပ်များအပြင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျဖြင့် နေထိုင်သွားလာပြောဆိုလုပ်ကိုင်တတ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန်လိုကြောင်း၊ စည်းကမ်းလိုက်နာမှုရှိသည့် လူငယ်၊ လူရွယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအသုံးပြုမှုများသည် လူငယ်များ၏ ဘဝကို များစွာထိခိုက်စေသဖြင့် ပန်းတောင်းဒေသအတွင်း မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများအား ဖြေရှင်းပေးရန်အတွက် ထိုအချိန်က တာဝန်ရှိသူများအား အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ နိုင်ငံတော်၏အာဏာကို မဲမသမာမှုရလဒ်များဖြင့် အနိုင်ရရှိလာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ အဓမ္မနည်းဖြင့် ရယူရန်အတွက် ဆောင်ရွက်လာသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေ ကြေညာပြီး တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အားစတင်တာဝန်ယူချိန်တွင် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့အစိုးရ၏အဋ္ဌမရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် အပိုင်း (၂) နှင့် အပိုင်း(၃)ကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့် ဆန္ဒများရှိသည်ကိုသိရှိရသဖြင့် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံတော်နှင့်ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်သည့်သူ၊ အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ အလားတူ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်မည့်သူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြသူများလည်းဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ပညာတတ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန်လိုကြောင်း၊ သို့မှသာ ပန်းတောင်းမြို့နယ်အတွက် ကိုယ်စားလှယ်ကောင်းများရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပန်းတောင်းမြို့နယ်အတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

❖ **စည်းကမ်းလိုက်နာမှုရှိသည့် လူငယ်၊ လူရွယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်**

❖ **ရွေးကောက်ပွဲအပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့်ဆန္ဒများ ရှိသည်ကိုသိရှိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလို**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်၊ ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်၊ ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် အဗ္ဗဒူလာ ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ ပါကစ္စတန်ဝန်ကြီးချုပ် မစ္စတာ မိုဟာမက် ရှီဘက် ရှာရစ်ဖ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပါကစ္စတန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရင်းနှီးနွေးထွေးစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ယခုအထိမ်းအမှတ်နေ့သည် မြန်မာနိုင်ငံပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် သာယာဝပြောမှုဆီသို့ ဦးတည်ဖော်ဆောင်ခဲ့ကြသည့် ထင်ရှားသော ဂုဏ်ယူဖွယ်ရာသမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အစဉ်အလာအားဖြင့် ကောင်းမွန်ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားကြပါသည်။ အဆွေတော်၏ အမြော်အမြင်ရှိသည့် ခေါင်းဆောင်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်တိုးတက်ကောင်းမွန်မည်ဖြစ်ပြီး၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ပြုမှုလမ်းကြောင်းသစ်များကို ဖွင့်လှစ်ပေးစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရေးကောင်းမွန်ပြီး အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# တန့်ယန်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက်ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ကလေးစာပေ၊ ဒုတိယဆုရ **"အင်ကြင်းမေ"** ရေးသားသည့် **"စိတ်ကောင်းနှင့်ယှဉ် ရေးရှုနှင်နှင့် ကလေးဝတ္ထုတိုများ"** စာအုပ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလအသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန် စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ -၂၆ အချိုးအကွေ့တစ်ခု သမိုင်းဝင် မှတ်တမ်းတစ်ခု

မိုးမြင့်

**“ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ ဆောင်ရွက်ချက်များကြောင့် လွတ်လပ်မှုရှိသည်၊ တရားမျှတမှုရှိသည်၊ မှန်ကန်မှုရှိသည်ဆိုသော အခွင့်အလမ်းကောင်းများကို ပြည်သူများ မလွတ်တမ်း ဆုပ်ကိုင်ခွင့်ရခဲ့သည်ဟု ဆိုနိုင်သည်။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများ၊ မဲပေးမည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံရေးစနစ် ပြောင်းလဲမှုများနှင့်အညီ ပြောင်းလဲတိုးတက်လာသော ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ရွေးကောက်ပွဲမတိုင်မီ ထုတ်ပြန်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေတစ်ရပ်ကလည်း မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ မဲပေးနိုင်ရေးနှင့် မြို့ရွာတည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်”**

ပြည်တွင်းပြည်ပ ဖိအားမျိုးစုံနှင့် စိန်ခေါ်မှုမျိုးစုံကြားမှ ကျင်းပခဲ့ရသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)က အောင်မြင်စွာ ပြီးစီးသွားခဲ့ပါပြီ။ အမှန်တကယ်လည်း ဖိအားများစွာ၊ စိန်ခေါ်မှုမျိုးစုံအောက်တွင် ကျင်းပခဲ့ရခြင်းဖြစ်သည်။ သို့သော် တည်ငြိမ်အေးချမ်းစွာ လုပ်သင့်သည်ကို လုပ်နိုင်ခဲ့ကြသည်။ အောင်မြင့်သင့်သလောက် အောင်မြင်ခဲ့ကြသည်။ ကြီးမားသော ဖိအားများအောက်က ထိုအောင်မြင်မှုများကား နောက်ထပ်ကျင်းပမည့် အပိုင်း(၂)နှင့် အပိုင်း(၃)တို့အတွက် အားသာချက်များ ဖြစ်စေခဲ့ပါပြီ။

ခြုံပြောရလျှင် မြန်မာနိုင်ငံရွေးကောက်ပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးသွားမည့် အနေအထားက သေချာသလောက် ဖြစ်သွားပါပြီ။ အောင်မြင်သော ရွေးကောက်ပွဲနှင့်အတူ နိုင်ငံတကာ အသိအမှတ်ပြု လွှတ်တော်အခင်းအကျင်းများနှင့် စစ်မှန်သည့် အစိုးရတစ်ရပ်လည်း မကြာမီ ပေါ်ထွက်လာတော့မည်ဟု ယုံကြည်ပါသည်။

### ပြည်သူပါ၍သာ...

ပြန်လည်သုံးသပ်ရလျှင် ဖိအားများစွာ၊ စိန်ခေါ်မှုများစွာအောက်မှ ရွေးကောက်ပွဲ အပိုင်း(၁) ဘာကြောင့် အောင်မြင်ခဲ့ပါသလဲ။ အရေးကြီးဆုံးက ပြည်သူဖြစ်သည်။ ပြည်သူပါ၍ ဖြစ်ပါသည်။ ပြည်သူဆိုသည်မှာ နိုင်ငံကို ကောင်းစေလိုသည့် ပညာကြီးသော၊ အမြော်အမြင်ရှိသော၊ ဒီမိုကရေစီလိုလားသော ပြည်သူအပေါင်းကို ဆိုလိုသည်။ ပြည်သူမပါသည့် နိုင်ငံ့အရေးဆိုသည်မှာ ကျရှုံးဖို့သာများပြီး အောင်မြင်ရန် ခက်ခဲနိုင်သည်ဆိုခြင်းကို သက်သေပြလိုက်ခြင်းလည်း ဖြစ်သည်။ ရွေးကောက်ပွဲသည် မိမိတို့ နိုင်ငံသားများ အခွင့်အရေးဖြစ်သည်။ မိမိတို့ အနာဂတ်၊ နိုင်ငံ့အနာဂတ်ဖြစ်သည်။ မြန်မာနိုင်ငံသားများအတွက်သာဖြစ်၍ အခြားနိုင်ငံအတွက် ပြုလုပ်ခြင်းမဟုတ် ဆိုသည်ကို သူတို့ ခိုင်ခိုင်မာမာ ယုံကြည်ခဲ့သည်။

နောက်တစ်ချက်က ဥပဒေနှင့်အညီ စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ခဲ့၍ ဖြစ်သည်။ မည်သည့်အလုပ်မဆို ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်နိုင်ခြင်းသည် အောင်မြင်မှုအတွက် အခွင့်အလမ်းကောင်းများဖြစ်ပြီး ပြည်သူတို့၏ ယုံကြည်မှုကို ရရှိစေသည်သာဖြစ်သည်။ ထို့ကြောင့် ဘယ်လိုအခွင့်အလမ်းကောင်းများကို ပြည်သူတွေ ရခဲ့ကြပါသလဲ ဆန်းစစ်ကြည့်သင့်သည်။

**ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ ဆောင်ရွက်ချက်များကြောင့် လွတ်လပ်မှုရှိသည်၊ တရားမျှတမှုရှိသည်၊ မှန်ကန်မှုရှိသည်ဆိုသော အခွင့်အလမ်းကောင်းများကို ပြည်သူများ မလွတ်တမ်းဆုပ်ကိုင်ခွင့် ရခဲ့သည်ဟု ဆိုနိုင်သည်။** ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများ၊ မဲပေးမည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံရေးစနစ် ပြောင်းလဲမှုများနှင့်အညီ ပြောင်းလဲတိုးတက်လာသော ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ရွေးကောက်ပွဲမတိုင်မီ ထုတ်ပြန်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေတစ်ရပ်ကလည်း မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ မဲပေးနိုင်ရေးနှင့် မြို့ရွာတည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

### ဖိအား၊ စိန်ခေါ်မှုများကြားက ရွေးကောက်ပွဲ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို မိတ်ဖက်နိုင်ငံများနှင့် သံအမတ်ကြီးများက စောင့်ကြည့်လေ့လာခဲ့ကြသည်။ ပထမအကြိမ်မှာ ဆန္ဒမဲပေးသူ ၅၂ ရာခိုင်နှုန်းကျော် ရှိခဲ့သော ဖြစ်သင့်ဖြစ်ထိုက်သည့် အနေအထားကို နိုင်ငံတကာစောင့်ကြည့်သူအားလုံး လက်ခံသွားခဲ့သည်ဟု သိရှိရသည်။ ဆန္ဒမဲပေးသူအရေအတွက်ဆိုသည်မှာ လက်ရှိ နိုင်ငံရေး၊ လုံခြုံရေးနှင့် နိုင်ငံသားများ၏ နိုင်ငံရေးရေချိန် အနိမ့်အမြင့်များနှင့်လည်း ဆိုင်သည်။ လက်ရှိ မြန်မာနိုင်ငံအခြေအနေမှာ ရွေးကောက်ပွဲမတိုင်ခင်မှာပင် ဆန္ဒမဲမပေးရေး ပြည်တွင်းပြည်ပ လှုံ့ဆော်မှုများစွာရှိခဲ့သည်။ တပ်မတော်ကပြုလုပ်သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိနိုင်၊ လွတ်လပ်မှုရှိမည်မဟုတ်၊ ထို့ကြောင့် မှန်ကန်သော ရွေးကောက်ပွဲဖြစ်မည်မဟုတ်ဟု မဟုတ်မမှန် စွပ်စွဲချက်များဖြင့် လှုံ့ဆော်ခဲ့ကြသည်။ ခြိမ်းခြောက်မှုများစွာလည်း ရှိခဲ့သည်။ မဲပေးသူများကို သတ်ဖြတ်မည်အထိ ခြိမ်းခြောက်ခဲ့ကြသည်။

ခြိမ်းခြောက်သည့်အတိုင်းလည်း အချို့မဲဆန္ဒနယ်မြေတွင် ရှော့တိုက်ဒုံးများ၊ ဒရုန်းဗုံးများ ကြဲချခဲ့သဖြင့် ပြည်သူအချို့ သေကျေပျက်စီးမှုများ ရှိခဲ့သည်။ နိုင်ငံနေရာအနှံ့ တပ်မတော်၏ နယ်မြေစိုးမိုးရေးဆောင်ရွက်ချက်များကြောင့် လုံခြုံရေးအရ စိန်ခေါ်မှုများစွာရှိခဲ့သည့် အနေအထားအောက်မှာ ကျင်းပခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲတွင် အပြည့်အဝမပါဝင်နိုင်သည့် ပြည်သူများ ရှိခဲ့သည့်ကြားမှ ယခု အပိုင်း(၁)တွင် မဲပေးသူ ကိန်းဂဏန်းမှာ လက်ခံနိုင်လောက်သည့် အတိုင်းအတာတစ်ခုမှာ ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတကာမှာပင် အထူးသဖြင့် လူငယ်များ အပိုင်းတွင် ဒီမိုကရေစီကို လေးစားနှစ်သက်ကြသော်ငြား ရွေးကောက်ပွဲနှင့် ကိုယ်စားလှယ်များအပေါ် စိတ်ဝင်စားမှုနှင့် ယုံကြည်မှုများ ကျဆင်းနေသည်ကို စစ်တမ်းများအရ သိရှိရသည်။

### စောင့်ကြည့်လေ့လာသူများ၏ မှတ်ချက်များကို ထင်ဟပ်၍

ထို့ကြောင့် ရွေးကောက်ပွဲ အပိုင်း (၁)ကို နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် ပြည်သူအများစုက လက်ခံကြခြင်းဖြစ်သည်။ သူတို့က ဘယ်အချက်တွေကိုကြည့်၍ ကောက်ချက်ချ လက်ခံခဲ့ကြပါသလဲ။ အတားအဆီးများစွာကြားမှ တည်ငြိမ်အေးချမ်းစွာ ပြီးစီးခဲ့ခြင်းကပင် အောင်မြင်မှုရခဲ့သည်မှာ ကျေနပ်စရာပါ။ မဲရုံများတွင် ပြည်သူအများ စိတ်ရှည်စွာဖြင့် တန်းစီစောင့်ဆိုင်းပြီး အေးအေးချမ်းချမ်းဖြင့် မဲပေးနေကြသည့် မြင်ကွင်းများကို ကြည့်၍ ကောက်ချက်ချနိုင်ခဲ့ခြင်း ဖြစ်သည်။ မဲဆန္ဒရှင်များက စိတ်အားထက်သန်မှုအပြည့်ဖြင့် သူတို့အနာဂတ်နှင့် သူတို့ယုံကြည်သည့် ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်နေသည်ကို မြင်သွားကြပြီဖြစ်သည်။ မဲပေးရန် စနစ်တကျ စီစဉ်ထားရှိမှုနှင့် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုကိုလည်း လေ့လာသူများ တွေ့ခဲ့ကြသည်။ အထူးသဖြင့် မဲလာပေးသော လူငယ်ထုကြီးကိုကြည့်၍ နိုင်ငံအချို့က သူတို့၏ အားရပီတိဖြစ်မှုကို ဖွင့်ဟခဲ့ကြသည်။ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူတို့ကိုယ်တိုင် ပါဝင်နေကြပြီဖြစ်ကြောင်း မှတ်ချက်ပေးကြသည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စစ်ဆေးကြီးကြပ်နေသည်ကို ကြည့်၍ နိုင်ငံ့ခေါင်းဆောင်များ၏ ရွေးကောက်ပွဲအပေါ် စိတ်အားထက်သန်မှုနှင့် စနစ်တကျရှိမှုကို ရိပ်မိသွားပုံရသည်။ လွတ်လပ်ပြီး တရားမျှတမှု ရှိ၊ မရှိ ဆိုသည်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ထွက်ပေါ်ခဲ့သည့် နာမည်ပျက် အဖြစ်အပျက်များနှင့် နှိုင်းယှဉ်ပြီး နောက်ဆက်တွဲ ဆိုးဆိုးရွားရွားသက်ရောက်မှုများကို ဆန်းစစ်ကြည့်၍လည်း သိနိုင်လောက်ပါသည်။ ထိုခေတ် ထိုအခါက ကြုံခဲ့ရသော ခါးသီးဖွယ်ဖြစ်ရပ်များကို တပ်မတော်အနေဖြင့် သင်ခန်းစာယူပြီး လွတ်လပ်၊ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရမည်ဟု အာမခံချက်သည် ယုံကြည်စရာ ရှိပါသည်။

ထိုအာမခံချက်ကို ယခုအကြိမ်မှ စတင်အသုံးပြုသည့် အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးသည့်စနစ်က ကောင်းစွာ အထောက်အကူပြုသည်ကို တွေ့ရမည်ဖြစ်သည်။ လေ့လာသူများနှင့် ပြည်သူအချို့က ထိုမဲပေးစနစ်သည် လုံခြုံမှုရှိပြီး လျင်မြန်စွာဖြင့် ရလဒ်ကို ထုတ်ယူဖော်ပြနိုင်သည့် လွယ်ကူကောင်းမွန်၍ အဆင်ပြေသည့် စနစ်တစ်ခုဖြစ်ကြောင်း မှတ်ချက်ပြု ချီးကျူးခဲ့ကြသည်။ သို့ဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုသည့်စနစ်က ပွင့်လင်းမြင်သာမှုမရှိ၊ တိကျမှန်ကန်မှု မရှိနိုင်ဟူသော အဆိုးမြင်ဝါဒီများ၏ စွပ်စွဲချက်များကို ချေဖျက်နိုင်ခဲ့ပါသည်။

ထို့အပြင် ယခုရွေးကောက်ပွဲသည် တပ်မတော်က ပြုလုပ်သော ရွေးကောက်ပွဲတစ်ခုဖြစ်သည်။ တပ်မတော်၏ ဂုဏ်သိက္ခာနှင့်အညီ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာတတ်မှု အစဉ်အလာကောင်းများနှင့် တပ်မတော်က ပြုလုပ်သော ရွေးကောက်ပွဲဖြစ်၍ လွတ်လပ်မှုမရှိ၊ တိကျမှန်ကန်မှုမရှိဆိုသော အချက်များကို အကြောင်းပြချက်အဖြစ် မည်သို့မှ လက်ခံကြမည်မဟုတ်ပါ။ တပ်မတော်ကိုယ်တိုင်ပင် နိုင်ငံ့အရေးနှင့် ပတ်သက်၍ တပ်မတော်၏ပုံရိပ်ကို ဘယ်တော့မှ အကျခံမည်မဟုတ်ပါ၊ နာမည်ပျက်ခံမည်လည်း မဟုတ်ပါ ဆိုသောအချက်မှာ သေချာပါသည်။ ထိုအချက်က နိုင်ငံသားများစွာ၏ ယုံကြည်မှုနှင့် ခံယူချက်လည်း ဖြစ်နေသည်။ တပ်မတော်က ဦးစီး ပြုလုပ်ပေးသော ယခုရွေးကောက်ပွဲများ၌ ပြည်သူအများ စိတ်ဝင်တစား ပါဝင်နေကြသည်ကို ကြည့်၍ သုံးသပ်နိုင်ခြင်းဖြစ်ပါသည်။

နောက်တစ်ချက် ပြည်သူများ ပါဝင်သည့် အချက်က ရွေးကောက်ပွဲတွင် ပါတီစုံ၊ ကာလာစုံကို ပါဝင်ခွင့်ပြုထားခြင်းပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင်

စာမျက်နှာ ၉ သို့

**“သို့သော် သိသူကသိသော်လည်း မသိသူခမျာ အသိခေါက်ခက် အဝင်နက်၊ ဘယ်လို ပြောပြောသိကြမည်မဟုတ်ပါ။ ထို့ကြောင့် သိစေချင်သည်၊ ရှိစေချင်ပါသည်။ ဒီမိုကရေစီကို လိုချင်လျှင် ဒီမိုကရေစီသဘောတရားကို နားလည်ထားသင့်သည်။ အချက်အလက် အမှားများအောက်တွင် ဆက်လက် မနစ်မျောသင့်ပါ၊ ထိုက်သင့်သော ဗဟုသုတလည်း ရှိရပါမည်။ မိမိအနာဂတ်၊ သားသမီးများအနာဂတ်၊ နိုင်ငံ့အနာဂတ် ရှေ့မျှော်တွေး၍ ချင့်ချိန်စဉ်းစား၍ ဆုံးဖြတ်ရပါမည်”**

# ရင်နှစ်ပန်းများ ပြည့်အင်အား

❖ ညီအစ်ကိုအစစ် အရင်းတွေမို့
စစ်တလင်း မဖြစ်စေချင်။
အန့်စီအေဖော်ဆောင်နှင်းပါခဲ့
ချစ်ခြင်းဖြင့်ပင်။
တပ်မတော်ကဖိတ်ခေါ်လျှင်
တိုင်ပင်လို့ဆွေးနွေး။
မငြိမ်းချမ်းလျှင်မစိမ်းလန်းနိုင်ဘု
ငြိမ်းချမ်းကာပြည်သာဖို့
စိမ်းလန်းကာစည်ဖြာဖို့
ပြည်သာအောင်ညီညာမှုကို
ရှေးရှုခဲ့သေး။
❖ ခရီးရှည်ငြိမ်းချမ်းရေး
မပြီးသေးလျှောက်ဆဲပင်။
လူငယ်တွေပါဝင်မှ
ပြည့်ဝမည်ပင်။
အနာဂတ်ပြည်တစ်ခွင်
စည်ပင်စွာဖွံ့ဖြိုးဖို့။
ရှမ်း ချင်း ကချင်နှင့်
မွန်ကရင်ရခိုင်ဗမာကယားငဲ့ပြင်
အားလုံးနောင်ညီဆွေတို့တောင်ပေါ်နေပြန့်မခွဲ
လက်တွဲကြစို့။
❖ ဘိုးဘွားတွေအထွတ်အမြတ်သွေးရယ်ကြောင့်
လွတ်လပ်ရေးရခဲ့သည်။
အဖေအမေ ဦး အဒေါ်များရယ်က
ဘိုးဘွားမွေမကွယ်ပျောက်အောင်
စောင့်ရှောက်ခဲ့ပြီ။
တို့များကလူငယ်ပီပီ
တို့တိုင်းပြည်ခိုင်မာရေး။
မြန်မာဟော့ကြွေးကြော်မည်ကမ္ဘာ့အရှည်တည်တံ့ရေး။
ငြိမ်းချမ်းရေးတည်ဆောက်မည်
တို့ပြန်လည်သင့်မြတ်ရေး။
ဟော့..အလှည့်ကျလျှင်ဖြင့်
နွဲ့မရဘူး လူငယ်တွေရဲ့
တို့တိုင်းပြေ(ပြည်)ရေရှည်အကျိုးကို
မျှော်ကိုးစို့လေး။
❖ လူငယ်ဟူသည်
တိုင်းပြည်၏ရင်နှစ်ပန်း။
သည်ပန်းတွေဖြူစင်သန့်မှ
မွှေးပျံ့ပြည်တစ်ဝန်း။
❖ လူငယ်ဟူသည်
တိုင်းပြည်၏အနာဂတ်။
ပစ္စုပ္ပန်အယူဖြောင့်ပါမှ
ပူ ကြောင့် စရာဘာမလိုတဲ့
အနာဂတ်ကိုခေါင်းဆောင်မှု
ပြုနိုင်လိမ့်မှတ်။ ။

မြင်းမူမောင်နိုင်မိုး

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)ကို ဂုဏ်ပြုပါ၏။

## မော်လမြိုင်ကျွန်းမြို့ မိုးညိုပရိယတ္တိစာသင်တိုက်၌ ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ မိုးညိုပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ(၁၀၀၀)ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်မိုးညိုပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ စာချ၊ စာသင်သံဃာတော်များက ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လျှူပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မိသားစုနှင့်ဒေါ်ဝင်း... 



ဧည့်ပရိသတ်များက စာချ၊ စာသင် သံဃာတော်များအား သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး မိုးညိုပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ရွတ်ဖတ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်ကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များနှင့် စာသင်တိုက်ရှိ စာချစာသင် သံဃာတော်များအား အာရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဗုဒ္ဓဘိသေကအနေကဇာတင် လှူဒါန်းပူဇော်ပြီးဖြစ်သည့် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို မော်လမြိုင်ကျွန်းမြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပူဇော်လိုသူ ပြည်သူများအား ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၈ မှ*

တည်ဆဲအစိုးရကို ထောက်ခံသူများသာမက ဝေဖန်သူများလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်၌ ၆ ပါတီ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၌ ၅၇ ပါတီတို့က မြို့နယ်ပေါင်း ၂၆၅ မြို့နယ်၌ ကိုယ်စားလှယ်ပေါင်း ၄၈၈၆ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေကြပြီဖြစ်သည်။ ယခုအကြိမ်တွင် အလွှာပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်နှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းအရေအတွက်က ယခင်အကြိမ်များထက် ပိုများနိုင်ကြောင်းလည်း ခန့်မှန်းမိသည်။ အချို့ လူငယ်ကိုယ်စားလှယ်များဆိုလျှင် လွှတ်တော်ထဲရောက်သည်နှင့် မေးခွန်းမေးဖို့၊ အဆိုတင်ဖို့ ယခုကတည်းကပင် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရှိရသည်။

သေချာသည်က အပိုင်း(၂)၊ အပိုင်း(၃) ရွေးကောက်ပွဲများတွင်လည်း ပြည်သူအများ ယခုထက်ပို၍ တက်တက်ကြွကြွ ပါဝင်လာကြမည်ဟူသော ယုံကြည်ချက် ဖြစ်ပါသည်။ ပြီးစီးခဲ့သည့် ဆန္ဒမဲပေးမှု အတွေ့အကြုံကိုကြည့်၍ မိမိတို့၏ အခွင့်အရေးကို လက်လွှတ်မခံဘဲ အကောင်းဆုံးအသုံးချကြလိမ့်မည်ဟု ယူဆထားပါသည်။ ပြီးစီးခဲ့သည့် ရွေးကောက်ပွဲအပိုင်း (၁) ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်လာမည့် ရွေးကောက်ပွဲအဆင့်များတွင် ယခုထက်ပိုမိုကောင်းမွန်အောင်၊ ပို၍စနစ်ကျအောင်၊ ပို၍လုံခြုံမှုရှိအောင် ဆောင်ရွက်သွားမှာလည်း သေချာပါသည်။ ဤအချက်က လက်လွှတ်မခံသင့်သည့် နိုင်ငံသားအခွင့်အရေးဖြစ်သည်ကို ပြည်သူအများကောင်းစွာ သိရှိသွားပါပြီ။

**သို့သော် သိသူက သိသော်လည်း မသိသူခများအသိခေါက်ခက်အဝင်နက်၊ ဘယ်လိုပြောပြော သိကြမည်မဟုတ်ပါ။ ထို့ကြောင့် သိစေချင်သည်၊ ရှိစေချင်ပါသည်။ ဒီမိုကရေစီကိုလိုချင်လျှင် ဒီမိုကရေစီသဘောတရားကို နားလည်ထားသင့်သည်။ အချက်အလက်အမှားများအောက်တွင် ဆက်လက်မနစ်မျောသင့်ပါ၊ ထိုက်သင့်သော ဗဟုသုတလည်း ရှိရပါမည်။ မိမိအနာဂတ်၊ သားသမီးများအနာဂတ်၊ နိုင်ငံ့အနာဂတ် ရှေ့မြော်တွေး၍၊ ချင့်ချိန်စဉ်းစား၍ ဆုံးဖြတ်ရပါမည်။**

ဘယ်သူအသိမှတ်ပြုသည်၊ မပြုသည်က အရေးမကြီးပါ။ နိုင်ငံတည်ငြိမ်အေးချမ်းကာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ တိုးတက်လာနိုင်မည့် လမ်းကြောင်းသည် ဤတစ်လမ်းသာရှိသည်ဟု ခံယူပါသည်။ ထိုအလားအလာကို အချို့ပြည်သူများ မသိကြသော်လည်း အဖျက်သမားများကမူ သိနှင့်ကြသည်။ ထို့ကြောင့်လည်း မရမက နှောင့်ယှက်ဟန့်တားနေကြခြင်း ဖြစ်သည်။

**ဆုတ်ယုတ်မည့်အရေးနှင့် တိုးတက်မည့်အခွင့်အလမ်းကို တွက်ဆနိုင်ရပါမည်။ ထို့ကြောင့် မိမိတို့မှာ နိုင်ငံရေးရေချိန် မြင့်မားနေရန် လိုပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်နှင့်အတူ နိုင်ငံကိုပိုကောင်းအောင် ဆန္ဒရှိကြသည့် ပညာကြီးသောပြည်သူများကမူ ချီတက်နေသော ပန်းတိုင်ဆီမရောက်ရောက်အောင် ဆက်လက်လျှောက်လှမ်းနေကြမည်သာ။ ကိုယ်စိုက်တာ ကိုယ်ပြန်စားရမည့်ထိုလမ်းကြောင်းတွင် စိတ်တူကိုယ်တူ အတူလျှောက်လှမ်းနိုင်အောင်သာ ကြိုးစားရပါမည်။ သို့မှသာ တာဝန်ကျေပွန်သော နိုင်ငံသားကောင်းတစ်ဦးအဖြစ် မှတ်ယူထိုက်ပါမည်။** ။

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၁၁ /၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၁ ) | ဒေါ်မီမီကျော်ထွန်း | ၁/မကန(နိုင်)၀၇၆၆၄၁ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဦးဆီဟူးဒွေ့ | ၁/ပတအ(နိုင်)၀၂၄၇၅၀ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၃ ) | ဦးရှားရယ် | ၂/လကန(နိုင်)၀၂၈၈၇၉ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးဟန်ထူး | ၂/ဘလခ(နိုင်)၀၀၀၂၉၀ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၅ ) | ဦးစောဇော်ဝင်း | ၃/ဘအန(နိုင်)၀၄၂၉၇၆ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) | ဦးမျိုးမင်းနောင် | ၁၂/စခန(နိုင်)၀၀၀၀၀၂ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၇ ) | ဦးခဲချိန် | ၅/နယန(နိုင်)၀၀၄၉၁၄ | အမှတ်( ၁ ) | နာဂအမျိုးသားပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| ( ၈ ) | ဦးအောင်ကြူနိုင် | ၈/တတက(နိုင်)၀၀၀၂၀၈ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) | ဦးဇော်မင်းသန်း | ၁၂/သကတ(နိုင်)၁၂၀၉၇၃ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၀) | ဦးအောင်လှထွေး | ၈/ရနခ(နိုင်)၀၂၂၈၇၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၁) | ဦးတင်ဦးလွင် | ၉/မထလ(နိုင်)၀၉၀၆၅၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁၂) | ဦးကျော်ကျော်လင်း (ခ)ဦးထိန်လင်း | ၁၀/မလမ(နိုင်)၁၆၆၄၅၁ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | နိုင်အမ်ချမ်းမွန် (ခ)မင်းစိုးခိုင် | ၁၀/မလမ(နိုင်)၂၀၆၈၆၀ | အမှတ်( ၄ ) | မွန်ညီညွတ်ရေးပါတီ |

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၂၂၃၂ | ၂၈၃၉ | ၁၅၀၇၁ | |
| | | ဒေါ်မီမီကျော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၁၅၃ | ၂၄၉၂ | ၇၆၄၅ | ၅၀.၇၃% |
| | | ဦးအားဘော့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၈ | ၄၄ | ၂၄၇၂ | ၁၆.၄၀% |
| | | ဦးစောမင်းသိန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၂၀၉ | ၁၄၃ | ၂၃၅၂ | ၁၅.၆၁% |
| | | ဦးကမမ်းမုန်လိုင်နော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၉ | ၁၃၅ | ၂၁၀၄ | ၁၃.၉၆% |
| | | ဦးဂျန်မာအောင်ပါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၃ | ၂၅ | ၄၉၈ | ၃.၃၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၄၈၇၁၄ | ၆၂၀၆ | ၅၄၉၂၀ | |
| | | ဦးဆီဟူးဒွေ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၂၇၈ | ၄၉၉၆ | ၂၅၂၇၄ | ၄၆.၀၂% |
| | | ဦးဂူဆာပါး | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၆၁၅ | ၂၄၇ | ၈၈၆၂ | ၁၆.၁၄% |
| | | ဦးစတီဗင်အောင်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၆၆၇ | ၂၆၆ | ၇၉၃၃ | ၁၄.၄၄% |
| | | ဦးကျော်စိုးမိုးဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၄၃ | ၃၄၄ | ၆၅၈၇ | ၁၁.၉၉% |
| | | ဦးဟိန်းအောင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၁၁ | ၃၅၃ | ၆၂၆၄ | ၁၁.၄၁% |
| | ကယားပြည်နယ် | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၁) | | | ၂၇၈၀၅ | ၄၂၅၂ | ၃၂၀၅၇ | |
| | | ဦးရှားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၄၄ | ၃၃၈၀ | ၁၄၅၂၄ | ၄၅.၃၀% |
| | | ဦးပေါ်ထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၇၃၂၇ | ၃၅၉ | ၇၆၈၆ | ၂၃.၉၈% |
| | | ဒေါ်ချောစု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၄၅ | ၂၇၇ | ၅၁၂၂ | ၁၅.၉၈% |
| | | ဦးမြင့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၈၉ | ၂၃၆ | ၄၇၂၅ | ၁၄.၇၄% |
| ၄ | မဲဆန္ဒနယ်အမှတ်(၂) | | | ၄၀၈ | ၁၃၄၂ | ၁၇၅၀ | |
| | | ဦးဟန်ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇ | ၁၂၃၈ | ၁၅၇၅ | ၉၀.၀၀% |
| | | ဒေါ်ကိုးမယ်(ခ)ဟန်နီစိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၅၆ | ၇၄ | ၄.၂၃% |
| | | ဦးမီရယ်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉ | ၂၈ | ၆၇ | ၃.၈၃% |
| | | ဦးအောင်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄ | ၂၀ | ၃၄ | ၁.၉၄% |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | |
| ၅ | မဲဆန္ဒနယ်အမှတ်(၄) | | | ၈၈၅၆၅ | ၁၀၃၂၄ | ၉၈၈၈၉ | |
| | | ဦးစောဇော်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၁၉ | ၇၅၃၄ | ၃၆၈၅၃ | ၃၇.၂၇% |
| | | စောထွန်းလှမြိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၃၃၉၀ | ၁၀၅၆ | ၂၄၄၄၇ | ၂၄.၇၂% |
| | | စောကြည်လင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၁၉၄၂ | ၁၁၇၅ | ၂၃၁၁၇ | ၂၃.၃၈% |
| | | ဒေါ်နန်းဥမ္မာစန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၉၃၇၂ | ၃၀၉ | ၉၆၈၁ | ၉.၇၉% |
| | | ဦးစိုးငြိမ်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၄၁ | ၂၅၀ | ၄၇၉၁ | ၄.၈၄% |
| ၆ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၂၄၅၃ | ၄၉၂၀ | ၁၇၃၇၃ | |
| | | ဦးမျိုးမင်းနောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၆၃ | ၂၈၆၈ | ၆၆၃၁ | ၃၈.၁၇% |
| | | ဦးဇော်မင်းထွေး | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၃၁၄၉ | ၁၂၀၃ | ၄၃၅၂ | ၂၅.၀၅% |
| | | ဦးစောဝင်းနိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၆၉၁ | ၅၄၈ | ၃၂၃၉ | ၁၈.၆၄% |
| | | ခွန်အောင်အောင်ထွန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၇၅၆ | ၁၁၂ | ၁၈၆၈ | ၁၀.၇၅% |
| | | ဒေါ်အေးအေးသက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၉၄ | ၁၈၉ | ၁၂၈၃ | ၇.၃၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၇ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၄၇၈၈ | ၂၅၄၆ | ၄၇၃၃၄ | |
| | | ဦးခဲချိန် | နာဂအမျိုးသားပါတီ | ၂၅၆၂၂ | ၁၀၉၅ | ၂၆၇၁၇ | ၅၆.၄၄% |
| | | ဦးဇင်းဝမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၁၆၆ | ၁၄၅၁ | ၂၀၆၁၇ | ၄၃.၅၆% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၈ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၄၅၃၇ | ၅၂၄၄ | ၃၉၇၈၁ | |
| | | ဦးအောင်ကြူနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၅၀၅ | ၄၄၆၇ | ၁၉၉၇၂ | ၅၀.၂၀% |
| | | ဒေါ်ချိုဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၀၃၂ | ၇၇၇ | ၁၉၈၀၉ | ၄၉.၈၀% |
| ၉ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၆၃၅၀ | ၃၅၉၄ | ၁၉၉၄၄ | |
| | | ဦးဇော်မင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၈၀ | ၃၁၄၅ | ၁၁၂၂၅ | ၅၆.၂၈% |
| | | ဦးရွှေထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၇၀ | ၄၄၉ | ၈၇၁၉ | ၄၃.၇၂% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၁၀ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၆၆၀၆ | ၅၂၇၈ | ၅၁၈၈၄ | |
| | | ဦးအောင်လှထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၀၁၅ | ၃၇၁၇ | ၂၃၇၃၂ | ၄၅.၇၄% |
| | | ဦးစိန်လင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၂၂၉ | ၆၆၅ | ၁၁၈၉၄ | ၂၂.၉၂% |
| | | ဦးချမ်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၈၄ | ၄၈၇ | ၈၄၇၁ | ၁၆.၃၃% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ပါတီ | ၇၃၇၈ | ၄၀၉ | ၇၇၈၇ | ၁၅.၀၁% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁၁ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၅၈၉၀ | ၇၄၄၉၅ | ၅၈၀၃၈၅ | |
| | | ဦးတင်ဦးလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၅၂၂၁ | ၅၈၇၈၈ | ၃၀၄၀၀၉ | ၅၂.၃၈% |
| | | ဦးမျိုးချစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၂၀၉ | ၄၅၀၅ | ၇၈၇၁၄ | ၁၃.၅၆% |
| | | ဒေါ်သဲ့အိမိုး | ပြည်သူ့ပါတီ | ၄၈၂၂၈ | ၂၂၇၃ | ၅၀၅၀၁ | ၈.၇၀% |
| | | ဒေါ်ခင်နှင်းသစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၅၁၉ | ၃၂၁၈ | ၄၂၇၃၇ | ၇.၃၆% |
| | | ဦးသိန်းထိုက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၀၂၄၁ | ၂၄၂၇ | ၄၂၆၆၈ | ၇.၃၅% |
| | | ဦးကိုကြီး | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၂၉၆၈၃ | ၁၆၂၇ | ၃၁၃၁၀ | ၅.၄၀% |
| | | ဒေါက်တာစိုင်းကျော်အုန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၇၈၉ | ၁၆၅၇ | ၃၀၄၄၆ | ၅.၂၅% |
| | မွန်ပြည်နယ် | | | | | | |
| ၁၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၁၀၁၈၉၀ | ၁၀၀၂၈ | ၁၁၁၉၁၈ | |
| | | ဦးကျော်ကျော်လင်း(ခ)ဦးထိန်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၂၈ | ၈၂၀၆ | ၄၃၅၃၄ | ၃၈.၉၀% |
| | | မင်းကျော်ခိုင်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၉၂၈၀ | ၇၆၄ | ၃၀၀၄၄ | ၂၆.၈၅% |
| | | ဒေါ်ခိုင်ခိုင် | ပြည်သူ့ပါတီ | ၉၄၀၉ | ၂၄၃ | ၉၆၅၂ | ၈.၆၂% |
| | | ဦးကျော်ဇင်သန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၈၅၄ | ၃၀၆ | ၉၁၆၀ | ၈.၁၈% |
| | | ဦးသိန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၇၀၁ | ၂၂၆ | ၈၉၂၇ | ၇.၉၈% |
| | | ဦးအောင်မျိုးသူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၉၅ | ၂၁၇ | ၆၁၁၂ | ၅.၄၆% |
| | | ဦးပြည့်ပိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၂၃ | ၆၆ | ၄၄၈၉ | ၄.၀၁% |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၄) | | | ၄၈၆၄၉ | ၂၉၇၉ | ၅၁၆၂၈ | |
| | | နိုင်အမ်ချမ်းမွန်(ခ)မင်းစိုးခိုင် | မွန်ညီညွတ်ရေးပါတီ | ၁၉၉၁၂ | ၆၉၃ | ၂၀၆၀၅ | ၃၉.၉၁% |
| | | ဦးတင်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၂၄၈ | ၂၀၂၁ | ၁၉၂၆၉ | ၃၇.၃၂% |
| | | ဒေါ်စုထွေးလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၆၈ | ၈၇ | ၃၉၅၅ | ၇.၆၆% |
| | | ဒေါ်သီတာဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၆၃၃ | ၈၈ | ၃၇၂၁ | ၇.၂၁% |
| | | ဦးဇော်မင်းမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၉ | ၂၉ | ၂၀၉၈ | ၄.၀၆% |
| | | ဒေါ်ဇင်မာအေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၁၉ | ၆၁ | ၁၉၈၀ | ၃.၈၄% |

# လူငယ်၊ ယှဉ်ပြိုင်မှု၊ စွန့်ဦးတီထွင်လုပ်ကိုင်မှုနှင့် ငြိမ်းချမ်းရေး မျှော်လင့်ချက်

ဒေါက်တာ သုတအောင် (ယှဉ်ပြိုင်မှုကော်မရှင်)

လူငယ်ဟူသည် ဖျတ်လတ်သည်၊ တက်ကြွသည်၊ လုပ်ချင်ကိုင်ချင်စိတ်ပြင်းပြသည်၊ တီထွင်ကြံဆလိုစိတ်ကြီးမားသည်။ ထို့ကြောင့် ဖျတ်လတ်တက်ကြွ၍ ဖြစ်ထွန်းအောင်မြင်လိုစိတ်ပြင်းပြသော စိတ်ဓာတ်ခွန်အားရှိသည့် လူငယ်တို့ကို လူ့အဖွဲ့အစည်းတိုင်းတွင် အလေးထားနေရာပေး နေကြခြင်းဖြစ်သည်။ ယနေ့ကာလအချိန်အခါသည် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အံ့မခန်းတိုးတက်နေသော ခေတ်ဖြစ်သည်။ အဆိုပါ နည်းပညာတိုးတက်မှုနှင့် လူငယ်တို့၏ စွန့်ဦးတီထွင်လုပ်ကိုင်လိုစိတ် ပေါင်းစပ်ပေး၍ သင့်လျော်စွာ အသုံးပြုနိုင်ပါက နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းသော မောင်းနှင်အားတစ်ရပ်ဖြစ်လာပေလိမ့်မည်။

**လူငယ်တို့၏ စွမ်းရည်နှင့် အားသာချက်များ**

စာရေးဆရာ၊ ကဗျာဆရာများက လူငယ်တို့၏ စွမ်းရည်များနှင့် ပတ်သက်၍ ဖွဲ့ဆိုမှုအမျိုးမျိုးဖြင့် တင်စားထားကြသည်ကို စာပေလက်ရာ အများအပြားတွင် တွေ့ရှိနိုင်သည်။ လူငယ်သည် ကောင်းကင်တစ်မွတ် ကြယ်ကိုလည်းဆွတ်နိုင်၏၊ ပင်လယ်ပြာရေပြင်ကျယ်ကိုလည်း ဖြတ်သန်းကူးခပ်နိုင်၏။ ဆိုလိုသည်မှာ လူငယ်တို့တွင် စိတ်အားထက်သန်မှုကြီးမား၏။ ဖန်တီးနိုင်စွမ်းနှင့် အနာဂတ်မျှော်လင့်ချက်ကြီးမား၏။ လျင်မြန်ဖျတ်လတ်ပြီး အခြေအနေနှင့် လိုက်လျောညီထွေနေနိုင်စွမ်းရှိ၏။ လူမှုဆက်ဆံရေးနှင့် ဦးဆောင်နိုင်သည့်စွမ်းရည်ရှိ၏။ သင်ယူလိုစိတ်နှင့် ဖွံ့ဖြိုးတိုးတက်လိုစိတ် ကြီးမား၏။

ထို့ကြောင့် လူငယ်တို့တွင် အောက်ပါအရည်အချင်းများ၊ စွမ်းရည်များ ရှိနေကြသည်ဟု ဆိုနိုင်သည်-

(၁) အရှိန်ပြင်းပြင်း တောက်လောင်နေသော မီးတောက်တစ်တောက်ကဲ့သို့ မကုန်ခန်းနိုင်သေးသော၊ ရဲရင့်သော စိတ်အားထက်သန်မှုစွမ်းရည်။

(၂) အနာဂတ်ကို ပုံဖော်နိုင်စွမ်းရှိသည့် ဆန်းသစ်တီထွင်တတ်သည့် ဉာဏ်ရည်ဉာဏ်သွေးဖြင့် ဖန်တီးနိုင်မှုစွမ်းရည်။

(၃) ပြုလွယ်ပြင်လွယ်ရှိသော စဉ်းစားတွေးခေါ်မှု၊ အခြေအနေကိုလိုက်၍ ပြောင်းလဲမှုနှင့် နည်းပညာကို လျင်မြန်စွာရယူ အသုံးပြုနိုင်သည် လိုက်လျောညီထွေ ဖြစ်တည်နိုင်မှု စွမ်းရည်။

(၄) လူမှုရေးအကျိုးပြု လုပ်ငန်းများတွင် စိတ်ပါဝင်စားမှု၊ မျှတမှုနှင့် ကိုယ်ချင်းစာစိတ်ရှိခြင်းဖြင့် မိမိတို့၏ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို ဦးဆောင်နိုင်သည့် စွမ်းရည်။

(၅) မဆုတ်မနစ်သည့်စိတ်ဖြင့် သင်ယူလိုစိတ်၊ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သော စွန့်စားလုပ်ဆောင်လိုသည့်စွမ်းရည်။

ထိုကဲ့သို့ လူငယ်တို့တွင်ရှိသော စွမ်းရည်များသည် ၎င်းတို့၏အားသာချက်ဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်၏ အားကိုးရာလည်း ဖြစ်လာသည်။ ထို့ကြောင့် လူငယ်တို့၏ ပြင်းပြသောဆန္ဒများကို အခြေခံဖြစ်တည်နေသည့် စွမ်းရည်များဖြင့် မြင့်မားလွန်းသော၊ ခက်ခဲလွန်းသော မဖြစ်နိုင်ဟု ထင်ရသောအရာကို လုပ်နိုင်သည်ဟု ဆိုကြခြင်းဖြစ်သည်။ ယနေ့ကာလ ၂၁ ရာစုကမ္ဘာကြီးတွင် အိုင်တီနည်းပညာ ဖွံ့ဖြိုးထွန်းကားလျက် ဆန်းသစ်သော နည်းပညာမျိုးစုံ အံ့မခန်းတိုးတက်လာနေသည်လည်း လူငယ်များ၏ စွမ်းရည်များကြောင့်ပင်ဖြစ်သည်။

**ယှဉ်ပြိုင်မှု၏ အကျိုးသက်ရောက်မှုများ**

လောကသဘာဝအတိုင်း ယှဉ်ပြိုင်မှုဟူသည် ကောင်းကျိုးဖြစ်စေသကဲ့သို့ ဆိုးကျိုးများလည်း ရစေသည်။ ကောင်းမွန်သောယှဉ်ပြိုင်မှုသည် ကောင်းသော အကျိုးသက်ရောက်မှုဖြစ်စေ၍ မကောင်းမွန်သော ယှဉ်ပြိုင်မှုသည် မကောင်းသော အကျိုးသက်ရောက်မှုကို ရစေ၏။ မကောင်းမွန်သော ယှဉ်ပြိုင်မှုကြောင့် စိတ်ဖိစီးမှုနှင့် ကျန်းမာရေးပြဿနာများ ရရှိလာစေသည်။ လူမှုရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပေါ်လာတတ်သည်။ ထို့ကြောင့် ကောင်းမွန်သော ယှဉ်ပြိုင်မှုကို အားပေးကြရမည်။ ကောင်းမွန်သော ယှဉ်ပြိုင်မှုသည် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေးသည်။ စွမ်းဆောင်ရည် မြင့်မားလာစေသည်။ လူတို့၏စွမ်းရည် ပိုမိုတိုးတက်လာစေသည်။

ယှဉ်ပြိုင်မှုနှင့် အလိုက်ဖက်ဆုံး၊ အနီးကပ်ဆုံး လူသားသည် လူငယ်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် လူငယ်ဘဝသည် ယှဉ်ပြိုင်မှုများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ကာလဖြစ်သည်။ ပညာရေး၊ အားကစား၊ လူမှုရေး၊ စီးပွားရေး စသဖြင့် နယ်ပယ်အသီးသီးတွင် ယှဉ်ပြိုင်မှုသည် လူငယ်များ၏ဘဝကို ပုံဖော်လျက်ရှိနေသည်။ လူငယ်ဘဝတွင် ကောင်းသောယှဉ်ပြိုင်မှုများ၌ ပါဝင်ပတ်သက်ခွင့်ရပါက ၎င်းတို့၏ အနာဂတ်ဘဝ တိုးတက်မှုဆီသို့ တွန်းအားများဖြစ်စေသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရုံသာမက အခွင့်အလမ်းများကိုပါ ရရှိလာစေနိုင်သည်။ ထိုသို့လူငယ်တစ်ဦးချင်းစီ၏ ကောင်းသောယှဉ်ပြိုင်မှုတွင် ပါဝင်ခွင့်များသည် ၎င်းတို့ကိုယ်ပိုင်အနာဂတ်ဘဝများ အလားအလာကောင်းများအတွက်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ တစ်နိုင်ငံလုံးအတွက်ပါ အပေါင်းလက္ခဏာဆန်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။

> **“ယှဉ်ပြိုင်လိုသောလူငယ်၊ စွန့်ထွင်လုပ်ကိုင်လိုသော လူငယ်တို့၏ စိတ်ဓာတ်စွမ်းရည်ဖြင့် နယ်ပယ်စုံတွင် ဆန်းသစ်တီထွင်မှုများ ဖန်တီးပေးခြင်း၊ မြှင့်တင်ပေးခြင်းတို့ကို ပြုလုပ်နိုင်သဖြင့် နိုင်ငံရေး ပဋိပက္ခများအပါအဝင် ပြဿနာ၊ အခက်အခဲမျိုးစုံ ဖြေရှင်းရာတွင် အထောက်အကူများစွာ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ထားကြသည်။ လူငယ်တို့၏ စွမ်းပကားဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရလဒ်ကို ဆုပ်ကိုင်နိုင်မည်ဟု မျှော်လင့်နေကြ”**

**စွန့်ဦးတီထွင်လုပ်ကိုင်မှု**

စွန့်ဦးတီထွင်မှုအတွက် ယှဉ်ပြိုင်မှုသည် အရေးပါသော အခန်းကဏ္ဍတွင်ရှိသည်။ ရုပ်ပိုင်းဆိုင်ရာ ဖျတ်လတ်တက်ကြွနေချိန်၊ စိတ်ပိုင်းဆိုင်ရာ လန်းဆန်း၍ အရာရာအောင်မြင်လိုစိတ် ကြီးမားနေသည့် လူငယ်များသည် ယှဉ်ပြိုင်လိုစိတ် အမြဲမပြတ်ကိန်းအောင်းလျက်ရှိရာ တီထွင်ကြံဆလုပ်ကိုင်လိုမှုသည်လည်း အမြဲဖြစ်ပေါ်လျက်ရှိနေတော့သည်။ ထို့ကြောင့် ကောင်းသောယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုခြင်း၊ နည်းလမ်းပြအားပေးခြင်းတို့ ပြုလုပ်ပေးသည့် ပတ်ဝန်းကျင်ကောင်းတို့ ရှိနေဖို့လိုသည်။ ဖန်တီးပေးနိုင်ရမည်။

ပညာရေးနယ်ပယ်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနယ်ပယ် စသဖြင့် စိတ်ဝင်စားမှုရှိသော နယ်ပယ်အသီးသီး၌ ပါဝင်နိုင်ရေး မိဘ၊ ဆရာများ၊ မိသားစုအသိုက်အဝန်းများက လူငယ်များကို အမြဲမပြတ် အားပေးအားမြှောက် ပြုနေသင့်ပါသည်။ အချို့နယ်ပယ်များ၊ ကဏ္ဍများသည် လူငယ်များ စတင်ဝင်ရောက်ရန်အတွက် အဟန့်အတား၊ အခက်အခဲများ (barriers to entry) များပြားနေတတ်သည်။ ကြီးမားနေတတ်သည်။ ထိုသို့ စတင်ဝင်ရောက်ရန်ခက်ခဲသော နယ်ပယ်၊ ကဏ္ဍများအတွက် မိဘများ၊ ဆရာများနှင့် လူကြီးများက လက်တွေ့ကျကျ ရှင်းပြဆွေးနွေးပေးခြင်း၊ အကြံဉာဏ်ကောင်းပေးခြင်းဖြင့်လည်း စေ့ဆော်မှုများ ပေးသင့်ပါသည်။

**မိမိဘဝအတွက်၊ မိမိလူ့အဖွဲ့အစည်းအတွက် မိမိသာလျှင်ပဲ့ကိုင်ရှင်**

လူငယ်များအနေဖြင့် မိမိတို့၏ဘဝတိုးတက်ရေး၊ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်မှန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကအကျဆုံးမှာ မိမိကိုယ်တိုင်ဖြစ်သည်ကို သဘောပေါက်ရမည်။ လူငယ်များကိုယ်တိုင်ကလည်း ယှဉ်ပြိုင်လိုစိတ်၊ စွန့်ဦးတီထွင်လိုစိတ်နှင့်အတူ စဉ်းစားတွေးခေါ်မှု၊ နာခံတတ်မှု ၊သင်ယူလိုမှု၊ အတွေ့အကြုံရှိသူများ၏ အကြံဉာဏ်ပေးမှုကို လက်ခံတတ်သည့်စိတ်ကို မွေးမြူထားရမည်။ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ဆည်းပူး၍ အမြော်အမြင်၊ ဉာဏ်ပညာ၊ ဗဟုသုတများနှင့် ပြည့်စုံသူများ ဖြစ်လာအောင် ပြင်ဆင်ကြရမည်။ မိမိတို့တွင်ရှိသော အရည်အချင်းနှင့် အခြားသူများကပေးသော အကြံဉာဏ်များကို ပေါင်းစပ်ဖန်တီး၍ ရည်မှန်းထားသော ရလဒ်ကောင်းများရရှိစေရန် အားထုတ်နိုင်စွမ်းရှိအောင် ကြိုးစားအားထုတ်သင့်သည်။

လူသည် အသိုင်းအဝိုင်းနှင့် နေတတ်သည့် လူမှုရေးသတ္တဝါ ဖြစ်သည်။ ထို့ကြောင့် မိမိအတွက် ကြိုးစားရင်း မိမိ၏ပတ်ဝန်းကျင်၊ မိမိတို့၏ လူ့အဖွဲ့အစည်း၊ မိမိတို့၏နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား လုပ်ကိုင်နေသင့်သည်။ ပြုလုပ်သင့်၊ ပြုလုပ်အပ်သည်များကို ပြုလုပ်ခြင်း၊ ကြိုးစားသင့်၊ ကြိုးစားအပ်သည်တို့ကို ကြိုးစားခြင်းဖြင့် မိမိတစ်ဦးတည်းအကျိုး၊ မိမိပတ်ဝန်းကျင်ရှိ အများအကျိုးတို့ကို ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ ဖြစ်လာကြလိမ့်မည်။

ထို့ကြောင့် လူငယ်များသည် လူငယ်ဘဝကတည်းက ကောင်းမွန်သောစိတ်ထားများဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်းဖြင့် အသက်အရွယ်ကြီးမြင့်လာသည်နှင့်အမျှ အသိတရားပြည့်ဝသော၊ ဆင်ခြင်တုံတရားနှင့် ဉာဏ်ပညာကြီးမားသော နိုင်ငံကြီးသားပီသသူများအဖြစ် အနာဂတ်မျိုးဆက်ကိုပါ အမွေကောင်းများကို ထပ်ဆင့်လက်ဆင့်ကမ်းနိုင်ပေလိမ့်မည်။

**လူငယ်နှင့်ငြိမ်းချမ်းရေး**

ယနေ့မြန်မာနိုင်ငံတွင် အခြားသော အခက်အခဲပြဿနာများနှင့်အတူ အခြေခံအကျဆုံး လိုအပ်ချက်မှာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ရရှိမှုဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံရေးသမားတစ်ဦးဖြစ်သူ Willy Brandt က **“ငြိမ်းချမ်းရေးဟာ အရာရာတိုင်းကို မလုပ်ပေးနိုင်ပေမယ့် ငြိမ်းချမ်းရေးမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး”** ဆိုသည့်စကားကို ဖတ်မှတ်ဖူးပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုလိုလားသည့်လူသားတိုင်း ငြိမ်းချမ်းရေးကို တောင့်တနေကြခြင်းဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း ငြိမ်းချမ်းရေးသည် အလိုလားအတောင့်တဆုံးအရာ။ နေ့အချိန်တွင်လည်း ငြိမ်းချမ်းရေး၊ ညအချိန်အခါရောက်လည်း ငြိမ်းချမ်းရေး။ ပြည်သူများ အချိန်တိုင်းငံ့လင့်နေကြသည်မှာ ငြိမ်းချမ်းရေး။ ဆိုရလျှင် နှစ်ဆယ့်လေးနာရီလုံးလုံး တောင့်တနေကြသည်မှာ ငြိမ်းချမ်းရေးပင် ဖြစ်ပါတော့သည်။

ထိုသို့ လူ့အဖွဲ့အစည်းအတွင်းရှိ အားလုံးလိုလားတောင့်တနေသော ငြိမ်းချမ်းမှုရရှိရေးအတွက် လူငယ်တို့၏ လတ်ဆတ်သော အယူအဆ၊ အတွေးအခေါ်သစ်များဖြင့် ဖန်တီးနိုင်ရေး မျှော်လင့်ကြသည်။

ယှဉ်ပြိုင်လိုသောလူငယ်၊ စွန့်ထွင်လုပ်ကိုင်လိုသော လူငယ်တို့၏ စိတ်ဓာတ်စွမ်းရည်ဖြင့် နယ်ပယ်စုံတွင် ဆန်းသစ်တီထွင်မှုများ ဖန်တီးပေးခြင်း၊ မြှင့်တင်ပေးခြင်းတို့ကို ပြုလုပ်နိုင်သဖြင့် နိုင်ငံရေး ပဋိပက္ခများအပါအဝင် ပြဿနာ၊ အခက်အခဲမျိုးစုံ ဖြေရှင်းရာတွင် အထောက်အကူများစွာ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ထားကြသည်။ လူငယ်တို့၏ စွမ်းပကားဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရလဒ်ကို ဆုပ်ကိုင်နိုင်မည်ဟု မျှော်လင့်နေကြသည်။

**ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးပန်းတိုင်ကို မိမိရရလှမ်းကိုင်နိုင်ရေး**

လူငယ်များတွင် ပိုင်ဆိုင်ထားသော ယှဉ်ပြိုင်ကြိုးစားလိုသည့်စိတ်၊ စွန့်ထွင်ဦးစီးလုပ်ကိုင်လိုစိတ်တို့သည် ၎င်းတို့ တစ်ဦးတစ်ယောက်စီ၏ ကိုယ်ပိုင်ရည်မှန်းချက်များအတွက်သာမက နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အရေးပါသည့် အခြေခံအကြောင်းတရားဟုဆိုပါလျှင် မည်သူမျှ ငြင်းဆိုလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်ပါ၍ ယှဉ်ပြိုင်လိုမှု၊ စွန့်ထွင်ဦးစီးလုပ်ကိုင်မှုကြောင့် လူငယ်တို့၏ စိတ်ထားနှလုံးသားများနှင့် ဦးနှောက်တို့တွင် ဖြစ်တည်လာသော လန်းဆန်းတက်ကြွသည့် အတွေးအခေါ်၊ အယူအဆ၊ စိတ်ကူးစိတ်သန်းများကို အသုံးချ၍ နိုင်ငံတော်အတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးပန်းတိုင်ကို မိမိရရလှမ်းကိုင်နိုင်ရေး ဆောင်ရွက်နိုင်ပါစေကြောင်း မျှော်လင့်ရေးသားလိုက်ရပေသတည်း။ ။

**ဒေါက်တာသုတအောင်သည် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်တွင် ၂၀၁၈ မှစ၍ အဖွဲ့ဝင် (စီးပွားရေးပညာရှင်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဈေးကွက်သုတေသနလုပ်ငန်းကို ၂၀၁၂ မှ စလုပ်ကိုင်ခဲ့သည်။ ထိုမတိုင်ခင် အင်္ဂလန်နိုင်ငံ မလေးရှားနိုင်ငံများတွင် တက္ကသိုလ်ဆရာအလုပ် လုပ်ခဲ့သည်။ ၂၀၁၇ မှ ယနေ့အထိ ပြည်သူ့ဝန်ထမ်းတက္ကသိုလ်တွင် ပြင်ပပညာရှင်အဖြစ် ပုံမှန် ဟောပြောပို့ချသည်။ Durham University မှ စီးပွားရေးပါရဂူဘွဲ့ရ၍ အနုညာတခုံသမာဓိပညာ Member of the Chartered Institute of Arbitrators လည်းဖြစ်သည်။**

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်သည် မရှိမဖြစ်လိုအပ်




**နေပြည်တော် ဇန်နဝါရီ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ တက္ကသိုလ်များနယ်မြေ (ရေဆင်း)၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံတွင် မတူညီသော သဘာဝသစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များနှင့် သစ်တောမျိုးစုံ ရှင်သန်ပေါက်ရောက်နေပြီး နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီးပွားရေးတို့တွင် အရေးကြီးသောကဏ္ဍမှ ပါဝင်နေသည့်အတွက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသောဆောင်ပုဒ် ၃ ခုတွင်လည်း **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့် အချက်ကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား အထူးအလေးအနက်ထားမှုကို မီးမောင်းထိုး ဖော်ပြထားပါကြောင်း၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် အဆိုပါကဏ္ဍအတွက် လိုအပ်သောပညာရှင်များအား နှစ်စဉ်မွေးထုတ်ပေးနေသည့် တက္ကသိုလ်တစ်ခုလည်း ဖြစ်ကြောင်း။

သစ်တောပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ တက္ကသိုလ်အဆင့် သစ်တောပညာသင်ကြားမှုကို ၁၉၂၃ ခုနှစ်တွင် စတင်ခဲ့ရာ ၂၀၂၃ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ အစဉ်အလာကြီးမားခဲ့သည့် တက္ကသိုလ်ဖြစ်သည်နှင့်အညီ ယခုပညာရည်ဆည်းပူးရန် ရောက်ရှိလာသော မောင်တို့မယ်တို့အနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ကြိုးစားအားထုတ်စေလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းဆောင်ရည် ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်သည် မရှိမဖြစ်လိုအပ်ကြောင်း၊ အလားတူ လူတစ်ဦးချင်း တိုးတက်အောင်မြင်ရန်နှင့် လူ့အဖွဲ့အစည်းတိုးတက်အောင်မြင်ရန်အတွက် စည်ကမ်းသည် အခြေခံတစ်ခုဖြစ်သည်နှင့်အညီ မောင်တို့မယ်တို့အနေဖြင့်လည်း စည်ကမ်းကောင်းမွန်ပြီး ထူးချွန်သည့်ကျောင်းသား ကျောင်းသူများဖြစ်အောင် ကျင့်ကြံကြိုးစားသွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားပြီး မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများကိုယ်စား ပထမနှစ် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်အား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပထမနှစ်မှ ပဉ္စမနှစ်အထိ ပညာရည်ထူးချွန် ပထမဆုရ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဒုတိယဆုနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများကို လည်းကောင်း ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ၏ အဆို၊ အက၊ တေးသရုပ်ဖော်တို့ဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကာယပညာနှင့်အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ် (၂၃) ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကာယပညာနှင့်အားကစား အခြေခံနည်းပြသင်တန်းအမှတ်စဉ်(၂၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ကျင်းပသည်။

ဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ်(၁)ကို ၁၉၈၅ ခုနှစ်တွင်စတင်၍ ဖွင့်လှစ်ခဲ့သည်ဟု သိရှိရပြီး အမှတ်စဉ်(၂၂)အထိ ကာယပညာ ဆရာ ဆရာမ ၉၀၂၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အနေဖြင့် ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းလုံးညီညွတ်မှုနှင့်ပြည့်စုံပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေး၊ KG+12 ပညာရေးစနစ်ကို စနစ်တကျ အထောက်အကူ ဖြစ်စေရေးနှင့် အခြေခံပညာ ကျောင်းများတွင် လစ်လပ်နေသည့် ကာယပညာ ဆရာ ဆရာမများ ဖြည့်ဆည်းခန့်ထားနိုင်ရေးတို့အတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ကာယပညာစီမံအုပ်ချုပ်မှု၊ ကာယပညာ အခြေခံသဘောတရား၊ ကာယပညာနှင့်အားကစား သင်ပြမှု၊ ခန္ဓာဗေဒနှင့် ဆေးပညာ၊ Biomechanic၊ KG+12 ၏ အတန်းလိုက် ကာယပညာဘာသာရပ်များကို စာတွေ့ပို့ချသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်အားကစားနည်းများနှင့် အခြေခံစစ်ရေးပြ၊ ကာယကြံ့ခိုင်မှု ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အားထားရသည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေးအတွက် အခြေခံပညာကျောင်းများ၏ မူလတန်းဆင့်၊ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့်များတွင် စာပေဘာသာရပ်များအပြင် ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ (ပန်းချီ၊ ဂီတ)၊ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များကို သင်ရိုးဝင်ဘာသာရပ်များအဖြစ် ပြဋ္ဌာန်းပေးပြီး အကောင်အထည်ဖော်သင်ကြား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများသည် ကျောင်းသား ကျောင်းသူများကို စာပေတစ်ခုတည်း သင်ကြားပေးခြင်းမျိုး မဟုတ်ဘဲ ဘက်စုံပညာရေးကိုပါ အလေးထား သင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သို့ပါ၍ သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတာဝန်ကျမည့် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်၏ အနာဂတ်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည့် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ၊ ထူးချွန်ထက်မြက်၍ ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရန် သင်ကြားလေ့ကျင့်ပေးနိုင်သည့် ကာယပညာဆရာ ဆရာမများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ဆောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ကာယပညာနှင့် အားကစား အခြေခံနည်းပြ သင်တန်းအမှတ်စဉ် (၂၃) ကို ဇန်နဝါရီ ၅ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှဘွဲ့ရရှိပြီး လုပ်သက်နှစ်နှစ်ရှိသူ လက်ထောက်မူလတန်းပြ၊ လက်ထောက် အလယ်တန်းပြ ဆရာ ဆရာမများ၊ ဘွဲ့ရရှိပြီး လုပ်သက်တစ်နှစ်ရှိသူ ဒုတိယမူလတန်းပြ၊ ဒုတိယအလယ်တန်းပြ ဆရာ ဆရာမများကို ကြံ့ခိုင်စွမ်းရည်(၅)မျိုးနှင့် သက်ဆိုင်ရာ အားကစားနည်းအလိုက် ကျွမ်းကျင်မှုများကို စနစ်တကျစစ်ဆေးရွေးချယ် အောင်မြင်ခဲ့သည့် သင်တန်းသား ၂၁၂ ဦး၊ သင်တန်းသူ ၁၈၈ ဦး စုစုပေါင်း ၄၀၀ သင်တန်းတက်ရောက်ခွင့်ရရှိခဲ့ပြီး သင်တန်းပြီးဆုံးသည့်အခါ အခြေခံပညာအလယ်တန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များတွင် ဒုတိယအလယ်တန်းပြ(ကာယ) ဆရာ ဆရာမများအဖြစ် ခန့်ထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်ဘတ်ဂျက် ၅၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ကျိုက်မရော ဇန်နဝါရီ ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွန်ပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာအေးနှင့်တာဝန်ရှိသူများက နိုင်ငံတော်ဘတ်ဂျက် ၅၀ ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသော ကျိုက်မရောမြို့နယ် နတ်စမ်းစံပြကျေးရွာရှိ အာရုဏ်ဦး လယ်/ ထွေသမဝါယမအသင်းလီမိတက်မှ အမှုဆောင်များနှင့် အသင်းသားများ တွေ့ဆုံပွဲကို ယမန်နေ့က ကျိုက်မရောမြို့နယ် သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ပြုလုပ်သည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်သမဝါယမဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ လယ်/ထွေ သမဝါယမအသင်းလီမိတက်မှ အမှုဆောင်များနှင့် အသင်းသားတစ်ဦးတို့အား လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို သတ်မှတ်လျာထားချက်နှင့်အညီ ပြည့်မီအောင်ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် တရုတ်အေအိုင်နည်းပညာများကို အသုံးပြုသွားမည်

**ပေကျင်း ဇန်နဝါရီ ၈**

ဒိုင်လူကြီးများအတွက် နည်းပညာများ အဆင့်မြှင့်တင်ရန်၊ ပွဲစဉ်အလိုက် သုံးသပ်အကဲဖြတ်နိုင်စွမ်း ပိုမိုကောင်းမွန်စေရန်နှင့် ပရိသတ်များ၏ အာရုံစိုက်မှုကို မြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တရုတ်နည်းပညာကုမ္ပဏီ Lenovo က တီထွင်ထားသော ဉာဏ်ရည်တု (AI) နည်းပညာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် ယင်း၏ တရားဝင်နည်းပညာမိတ်ဖက်ဖြစ်သော Lenovo တို့က ဇန်နဝါရီ ၇ ရက်တွင် ပူးတွဲကြေညာခဲ့သည်။

ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့တွင် ပူးတွဲကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗီဒီယိုအကူဒိုင်စနစ် (VAR) အတွက် AI အထောက်အကူပြု သရီးဒီပလေယာ အဗာတာ (avatar) ပုံရိပ်ဖော်စနစ်ဖြစ်သော Football AI Pro နှင့် ဒိုင်လူကြီး၏မြင်ကွင်းမှ ရိုက်ကူးထားသော ဗီဒီယိုမှတ်တမ်း Referee View အား အဆင့်မြှင့်ထားသော ဗားရှင်းတစ်မျိုးအပါအဝင် ရှင်းလင်းတိကျသည့် အေအိုင်နည်းပညာများကို အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ နည်းပညာများကို Lenovo ကုမ္ပဏီက ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲသည် ကမ္ဘာပေါ်တွင် အကြီးကျယ်အခမ်းအနားဆုံး ပြိုင်ပွဲကြီးဖြစ်လာမည်ဖြစ်ကြောင်း၊ ဖီဖာနှင့် Lenovo တို့သည် ဒစ်ဂျစ်တယ်နည်းပညာများနှင့် ဉာဏ်ရည်တုနည်းပညာဖြစ်သည့် 'Football AI' ကို အပြည့်အဝအသုံးပြုပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ပြိုင်ပွဲတာဝန်ရှိသူများကို အထောက်အကူပေးသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်းက ပရိသတ်များကိုလည်း အံ့မခန်း အတွေ့အကြုံသစ်များ ပေးသွားမည်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဂျန်နီအင်ဖန်တီနိုက ပြောသည်။




Lenovo ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ ယန်ယွမ်ချင့်က ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲသည် နည်းပညာပိုင်းအရ Lenovo ၏ AI နည်းပညာများကို အသုံးပြုမည့် အဆင့်အမြင့်ဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်လာမည်ဟု ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံတစ်ဝန်း စံချိန်တင်အပူလှိုင်းဒဏ်ကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိ

**ဆစ်ဒနီ ဇန်နဝါရီ ၈**



ဩစတြေးလျနိုင်ငံတစ်ဝန်း စံချိန်တင် အပူလှိုင်းဒဏ်ကြောင့် တောမီးများ လောင်ကျွမ်းလျက်ရှိသည်။ တောမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း အာဏာပိုင်များက ပြည်သူများကိုဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် တိုက်တွန်းထားသည်။

ဗစ်တိုးရီးယား ပြည်နယ် အရှေ့တောင်ပိုင်း နေရာနှစ်နေရာ၌ အဓိကမီးလောင်မှုကြီး ဖြစ်ပွားလျက်ရှိသည်။ နယူးဆောက်သ်ဝေးလ်နှင့် ဩစတြေးလျတောင်ပိုင်းတို့တွင်လည်း တောမီးများ လောင်ကျွမ်းခဲ့ပြီး ဇန်နဝါရီ ၈ ရက်တွင် တစ်နေရာ၌ အပူချိန် ၄၈ ဒသမ ၂ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။

ယခု တောမီးလောင်ကျွမ်းမှုသည် လူ ၃၀ ကျော် သေဆုံးခဲ့သည့် ၂၀၁၉ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပွားခဲ့သည့် အပူချိန်နှင့်တူညီသည်ဟု ဒေသခံမီဒီယာများက ပြောသည်။

ပြင်ပတွင် မီးရှို့ခြင်း သို့မဟုတ် မီးလောင်ကျွမ်းစေခြင်းဆိုင်ရာ တားမြစ်ချက်ကို တောင်ဩစတြေးလျ တစ်ဝန်းတွင် အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

ဇန်နဝါရီ ၉ ရက်တွင် အပူချိန်များ ဆက်လက်မြင့်တက်နေဦးမည်ဟု မျှော်လင့်ရသည်။ မီးဘေးအန္တရာယ်ဆိုင်ရာ အဆင့်သတ်မှတ်ချက်ကို အမြင့်ဆုံးအဆင့်တွင် သတ်မှတ်မည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။ မီးလောင်မှုသည် အသက်နှင့် အိုးအိမ်စည်းစိမ်ဆုံးရှုံးမှု ဖြစ်နိုင်သည်ဟု ၎င်းတို့က ပြောသည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာအဖွဲ့အစည်း ၆၆ ခုမှ အမေရိကန်နုတ်ထွက်ရန် ဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်အကျိုးစီးပွားနှင့် မကိုက်ညီသော နိုင်ငံတကာအဖွဲ့အစည်း ၆၆ ခုမှ အမေရိကန်နုတ်ထွက်ရန် ညွှန်ကြားခဲ့သည့် သမ္မတအမိန့်ကို ဇန်နဝါရီ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်း ၆၆ ခုတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂ မူဘောင်ကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂယဉ်ကျေးမှုမဟာမိတ်အဖွဲ့၊ တိုကျိုအခြေစိုက် ကုလသမဂ္ဂတက္ကသိုလ်နှင့် ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်၊ လက်တင်အမေရိကနှင့် ကာရေဘီယံ ကုလသမဂ္ဂ စီးပွားရေးကော်မရှင် စသည့် ကုလသမဂ္ဂအဖွဲ့အစည်း ၃၁ ခုနှင့် ကုလသမဂ္ဂမဟုတ်သော အဖွဲ့အစည်း ၃၅ ခု ပါဝင်ကြောင်း သိရသည်။

သတ်မှတ်ဖော်ပြထားသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ အမြန်ဆုံးထွက်ရန်လည်း သက်ဆိုင်ရာဌာနများနှင့်အေဂျင်စီများကို မစ္စတာထရမ့်က တိုက်တွန်းထားသည်။ ဤအဖွဲ့အစည်းများနှင့် လက်တွေ့လုပ်ဆောင်လည်ပတ်မှုများသည် အမေရိကန် အမျိုးသားအကျိုးစီးပွား၊ လုံခြုံရေး၊ စီးပွားရေးသာယာဝပြောမှု သို့မဟုတ် နိုင်ငံ့အချုပ်အခြာအာဏာနှင့် ဆန့်ကျင်ကြောင်း ထရမ့်က သမ္မတအမိန့်တွင် ဖော်ပြခဲ့သည်။ **ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသူ ၁၃၈၆၁ ဦးအထိ မြင့်တက်လာ

**အူလန်ဘာတာ ဇန်နဝါရီ ၈**

မွန်ဂိုလီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဒေသတွင်း ဝက်သက်ရောဂါ ဖြစ်ပွားသူသစ် ရှစ်ဦးရှိရာ အဆိုပါရောဂါဖြစ်ပွားသူအရေအတွက် စုစုပေါင်းမှာ ၁၃၈၆၁ ဦးအထိ မြင့်တက်လာကြောင်း နိုင်ငံ၏အမျိုးသားကူးစက်ပျံ့နှံ့တတ်သော ရောဂါများဆိုင်ရာ စင်တာ(အင်န်စီစီဒီ)က ဇန်နဝါရီ ၈ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ရောဂါဖြစ်ပွားသူသစ်များ၏ ထက်ဝက်ကျော်မှာ ဝက်သက်ရောဂါကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံထားသည့် ကျောင်းနေအရွယ်ကလေးများဖြစ်ကြောင်း အင်န်စီစီဒီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

၎င်းတို့၏ ကလေးများကို ဝက်သက်ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံခြင်းဖြင့် ဖြစ်နိုင်ခြေရှိသည့် ပြင်းထန်ရောဂါမှ ကာကွယ်ရန် အင်န်စီစီဒီက မိဘများအား အကြံပြုထားသည်။

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် ရောဂါရှိသူနှင့် တိုက်ရိုက်ထိတွေ့မှုမှ တစ်ဆင့် အလွန်ကူးစက် ပျံ့နှံ့တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါသည် ဖျားနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်းနှင့် မျက်စိရောင်ခြင်းတို့ ဖြစ်ပွားလေ့ရှိကြောင်း၊ အဆိုပါရောဂါကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**



# ဇင်ဘာဘွေ၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၆၁ ဦး သေဆုံး

**ဟာရာရီ ဇန်နဝါရီ ၈**

ဇင်ဘာဘွေနိုင်ငံ၌ ပြီးခဲ့သည့် အောက်တိုဘာလ မိုးရာသီမှစကာ နိုင်ငံတစ်ဝန်းမိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်မတော်တဆမှုများကြောင့် လူပေါင်း ၆၁ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ဇင်ဘာဘွေပြည်သူ့ကာကွယ်ရေးဌာန (ဒီစီပီ) က ထုတ်ပြန်ထားသည်။

ဇင်ဘာဘွေနိုင်ငံ၌ ရေကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းနှင့်ဆည်များကျိုးပေါက်ခြင်းတို့အပါအဝင် မိုးရွာသွန်းခြင်းကြောင့်ဖြစ်ပွားသည့် ဘေးအန္တရာယ်များကြောင့် ပွဲတော်ကာလအတွင်း သိသိသာသာ မိုးရွာသွန်းမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း ဒီစီပီက ဇန်နဝါရီ ၇ ရက်တွင် ဆင်ဟွာသို့ ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စာသင်ကျောင်းများ၊ ကျန်းမာရေးအဆောက်အအုံများ၊ လမ်းများ၊ တံတားများ၊ ဆည်မြောင်းနှင့် ရေသွယ်အဆောက်အအုံများအပါအဝင် အများပြည်သူအခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း ဒီစီပီ၏ နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ **ဆင်ဟွာ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်သို့သွားရောက်ပြီး သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ဧက ၂၀၀ စိုက်ပျိုးရေး ရှင်းလင်းဆောင်အနီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်တံမြောင်းအမှတ်(၁၁) ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများကို သတ်မှတ်အရည်အသွေးပြည့်မီစေရေး၊ မြောင်းပေါင်များ ရေရှည်ကြံ့ခိုင်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ လက်တံမြောင်းတစ်လျှောက် ရေလေလွင့်မှုမရှိစေရန်နှင့် ရေကူဒေသရှိ စိုက်ပျိုးမြေများသို့ ဆည်ရေအပြည့်အဝပေးဝေနိုင်ရေး၊ သီးနှံစိုက်ပျိုးချိန်များတွင် ရေပေးဝေမှုအဟန့်အတားမဖြစ်စေရန်နှင့် စိုက်ပျိုးရေကို စိုက်ဧကများတိုးချဲ့ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ခရမ်းကိုင်းကျေးရွာအုပ်စု ဧက ၂၀၀ စိုက်ပျိုးရေးရှင်းလင်းဆောင်၌ မြေနမူနာစစ်ဆေးရန် မြေနမူနာကောက်ယူ သရုပ်ပြခြင်းနှင့် တောင်သူတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများအထွက်နှုန်းကောင်းမွန်စေရန်အတွက် မျိုးကောင်း၊ မျိုးသန့်များရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာစစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ သဘာဝမြေဩဇာများ၊ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ သီးနှံပင်ကြွင်းကျန်များ၊ ဓာတ်မြေဩဇာများကို အပြည့်အဝအချိုးကျ အသုံးပြုခြင်းနှင့် စိုက်ပျိုးနည်းစနစ်များကို မှန်ကန်စွာလိုက်နာကျင့်သုံးခြင်းများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောင်းသီးနှံအပြည့်အဝစိုက်ပျိုးနိုင်ရေးအစီအမံများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) များကို တောင်သူများထံ ထောက်ပံ့ပေးအပ်ကြပြီး မြေနမူနာစစ်ဆေးခြင်းနှင့် မြေနမူနာကောက်ယူ သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၆) တောင်သူ ဦးရဲဝင်း၏ လယ်မြေ၌ စက်မှုလယ်ယာဦးစီးဌာနမှ နည်းပညာသစ်လယ်ယာသုံးစက်ကိရိယာများဖြင့် မြေဆီလွှာပြုပြင်ဆောင်ရွက်နေမှုကွင်းသရုပ်ပြခြင်းကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

---

■ *ကျောဖုံးမှ*

တရားမဝင် အဆောက်အအုံ ၄၂၅ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ပြီး ယနေ့တွင် အပိုင်း(၂) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်ငါးထပ်အဆောက်အအုံ နှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၆၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအပိုင်း(၃)အတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေအပိုင်း(၂) အား ဖောက်ခွဲဖျက်ဆီးမှု။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ပွဲချိန် ၁၃ မိနစ်တွင် မန်ယူအသင်းခံစစ်ကစားသမား ဟဲဗင် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ အိမ်ရှင်ဘန်လေအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော မန်ယူအသင်းသည် သွင်းဂိုးရရှိနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း အသင်းကစားများ၏ အဆုံးသတ်ပိုင်း အားနည်းချက်ရှိနေသည့်အတွက် ပထမပိုင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်နေခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်းတိုက်စစ်ကစားသမား ရှက်ကို ခြေစွမ်းပြကာ မိနစ် ၅၀ နှင့် မိနစ် ၆၀ တွင် နှစ်ဂိုးဆက်သွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ၆၆ မိနစ်တွင် ဘန်လေအသင်း လူစားဝင်တိုက်စစ်ကစားသမား အန်တိုနီ၏ ချေပဂိုးခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်နှစ်ဂိုးစီ သရေကျကာ ပွဲပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်က စပါးကို သုံးဂိုး - နှစ်ဂိုး၊ ဖူလ်ဟမ်က ချယ်ဆီးကို နှစ်ဂိုး - တစ်ဂိုး၊ ဘရန့်ဖို့ဒ်က ဆန်းဒါးလန်းကို သုံးဂိုး - ဂိုးမရှိ၊ နယူးကာဆယ်က လိဒ်စ်ကို လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်နှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့ကာ မန်စီးတီးနှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် အဲဗာတန်နှင့် ဝုဖ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**


---

## အားကောင်းသောမုန်တိုင်းငယ် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၇၃၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၅၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။



အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် ယနေ့ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၅ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း သီရိလင်္ကာနိုင်ငံအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

---

## သရက်မြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မွေးဖွားသော ရင်သွေးငယ်များအား ချီးမြှင့်ငွေပေးအပ်

**သရက် ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ပြည်သူ့ဆေးရုံ၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မွေးဖွားသော ရင်သွေးငယ်များအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က ချီးမြှင့်သည့် ချီးမြှင့်ငွေများကို ဇန်နဝါရီ ၄ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး မွေးလူနာဆောင်၌ ပေးအပ်ခဲ့သည်။



(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆင်ပေါင်ဝဲမြို့နယ် ရှားတိုင်းကြီးကျေးရွာနေ မိဘများက ကလေးငယ် ကျား တစ်ဦး၊ သရက်မြို့နယ် ဘော်ကျေးရွာနေမိဘများက ကလေးငယ် ကျား တစ်ဦး၊ သရက်မြို့ တောင်မင်းတည်း ရပ်ကွက်နေမိဘများက ကလေးငယ် မ တစ်ဦး စုစုပေါင်း ကလေးငယ် သုံးဦးအား မွေးဖွားခဲ့ကြရာ အဆိုပါကလေးငယ်များအား ဂုဏ်ပြုသည့်အနေဖြင့် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့က ချီးမြှင့်သည့် ငွေကျပ်တစ်သိန်းနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ချီးမြှင့်သည့် ငွေကျပ် ငါးသောင်းစီကို ခရိုင် ဆရာဝန်ကြီး၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကလေးမိခင်များ လက်ဝယ် အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သရက်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာယဉ်မောင်မောင် ပါမောက္ခ (ဌာနမှူး)ရူပဗေဒဌာန

အထက်တန်းပညာရေး၏ အဆင့်မြင့်အဆင့်ဖြစ်သော ၁၂ တန်း ရူပဗေဒသင်ရိုးသည် သိပ္ပံဘာသာရပ်ကို ရွေးချယ်ထားသည့် ကျောင်းသားများအတွက် အလွန်အရေးကြီးသော အခြေခံအုတ်မြစ်တစ်ခုပင်ဖြစ်သည်။ ဤသင်ရိုးတွင် စုစုပေါင်း သင်ခန်းစာ ၁၃ ခု ပါဝင်ပြီး ၎င်းတို့ကို အဓိကအပိုင်းကြီး ၄ ပိုင်း ခွဲခြားထားပါသည်။

ပထမအပိုင်းသည် Mechanics အပိုင်း ဖြစ်သည်။ Chapter 1 သည် မျဉ်းဖြောင့်ရွေ့လျားမှုကို လေ့လာခြင်းမှတစ်ဆင့် စက်ဝိုင်းပတ်ရွေ့လျားမှု (Rotational Motion) အကြောင်းကို ဆက်လက်လေ့လာခြင်းဖြစ်သည်။ Centripetal acceleration ၏ သဘောတရားကို ကောင်းစွာနားလည်ရန်လိုအပ်ပြီး ၎င်းသည် အမြဲတမ်း ဗဟိုချက်ဆီသို့ ဦးတည်နေကြောင်း သိရှိရမည်။ Chapter 2 တွင် ဤအရှိန်ကို ဖြစ်ပေါ်စေသောအားကို ဆက်လက်လေ့လာသည်။ ဗဟိုချက်ဆွဲအား (centripetal force) သည် သီးသန့်အားတစ်ခု မဟုတ်ဘဲ တင်းအား (tension) သို့မဟုတ် ပွတ်တိုက်အား (friction) ကဲ့သို့သော အားများ၏ ဗဟိုချက်ဆီသို့ ညွှန်းသောရလဒ်အားစုတစ်ခုသာဖြစ်သည်။ ဗဟိုခွာအား (centrifugal force) ဆိုသည်မှာ ရွေ့လျားမှုဘောင်အတွင်းမှ ခံစားရသော ဒြပ်ဆွဲအားသာဖြစ်ပြီး pseudo-force ဖြစ်ပြီး inertial frame တွင် အမှန်တကယ်ရှိသောအား မဟုတ်ပေ။ Chapter 3 သည် အရည်များ၏ စီးဆင်းမှုသဘောတရားကို လေ့လာခြင်းဖြစ်သည်။ ဤတွင် streamline flow နှင့် turbulent flow ကဲ့သို့သော စီးဆင်းမှုပုံစံများကို လေ့လာရသည်။ Equation of Continuity တွင် အရည်သည် ကျဉ်းမြောင်းသောနေရာသို့ရောက်လျှင် အလျင်မြင့်တက်လာပုံကို ရှင်းပြပြီး Bernoulli's Equation သည် အရည်၏ဖိအား၊ အလျင်နှင့် အမြင့်တို့ကြား ဆက်နွယ်မှုကို ဖော်ပြသည်။ အရည်၏ စေးကပ်မှု (viscosity) ကိုလည်း လေ့လာရသည်။

ဒုတိယအပိုင်းသည် Energy အပိုင်းဖြစ်ပြီး စွမ်းအင်၊ လှိုင်းများနှင့် အလင်းပညာ (Energy, Waves & Optics) များကို ဖော်ပြထားသည်။ Chapter 4 သည် စွမ်းအင်အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လေ့လာသည်။ ဤအခန်းတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy) နှင့် ပြန်လည်မပြည့်ဖြိုးနိုင်သော စွမ်းအင်အရင်းအမြစ်များ (non-renewable energy sources)၏ ကွာခြားချက်များကို သိရှိရန်နှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို နားလည်ရန် အရေးကြီးသည်။ Chapter 5 ဖြစ်သော Heat Transfer of Thermodynamics တွင် အပူကူးပြောင်းနည်းသုံးမျိုးဖြစ်သည့် အပူလျှောက်ကူးခြင်း (conduction)၊ အပူစီးကူးခြင်း (convection)နှင့် အပူရောင်ခြည် ဖြာထွက်ခြင်း (radiation) တို့ကို လေ့လာရသည်။ Thermodynamics ၏ ပထမနိယာမ (First Law) သည် စွမ်းအင်တည်မြဲမှုနိယာမကို အပူနှင့်အလုပ်တွင် အသုံးချထားခြင်းဖြစ်သည်။

Chapter 6 တွင် အသံ၏ ဂုဏ်သတ္တိများနှင့် သက်ရောက်မှုများကို ဆက်လက်လေ့လာသည်။ အသံဖြတ်သန်းရန်အတွက် ကြားခံနယ်လိုအပ်ကြောင်း၊ ပဲ့တင်သံ (echo) ၏ အသုံးဝင်ပုံနှင့် Doppler Effect ၏ သဘောတရားတို့ကို နားလည်ရန်လိုအပ်သည်။ Chapter 7 နှင့် 8 သည် အလင်းပညာနှင့်သက်ဆိုင်သော အခန်းများဖြစ်သည်။ Chapter 7 တွင် အလင်းကိရိယာများဖြစ်သော မျက်လုံး၊ အဏုကြည့်မှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်းတို့၏ အလုပ်လုပ်ပုံနှင့် Laser၊ Fibre Optics စသည့် နည်းပညာများကို လေ့လာရသည်။ Chapter 8 တွင် အလင်း၏ လှိုင်းသဘာဝကြောင့်ဖြစ်ပေါ်သော diffraction နှင့် interference ကဲ့သို့သော ဖြစ်စဉ်များကို နက်ရှိုင်းစွာ လေ့လာရသည်။

တတိယအပိုင်းသည် Electricity & Magnetism အပိုင်းဖြစ်သည်။Chapter 9 နှင့် 10 တွင် လျှပ်စစ်အခြေခံကို လေ့လာနိုင်သည်။ Chapter 9 တွင် capacitor များ၏ အလုပ်လုပ်ပုံနှင့် ၎င်း၏ capacitance တွက်ချက်နည်းများကို သင်ယူရသည်။ Chapter 10 တွင် emf နှင့် voltage ကွာခြားချက်၊ လျှပ်စစ်ပါဝါ တွက်ချက်နည်းနှင့် Joule's law အပါအဝင် လျှပ်စစ်နှင့်ပတ်သက်သော အခြေခံမူများကို လေ့လာရသည်။ Chapter 11 ဖြစ်သော လျှပ်စစ်သံလိုက်ညှို့ယူခြင်း (Electromagnetic Induction)သည် ခေတ်သစ်လျှပ်စစ်ဓာတ်အားစနစ်၏ အခြေခံဖြစ်သည်။ ဤအခန်းတွင် Faraday's law နှင့် Lenz's law တို့ကို နားလည်ရန်နှင့် generator နှင့် transformer တို့၏ အလုပ်လုပ်ပုံကို သိရှိရန် အရေးကြီးသည်။ လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းနှင့် domestic wiring အခြေခံများကိုလည်း ဤအခန်းတွင် လေ့လာရသည်။

Modern Physics တွင် Chapter 12 နှင့် Chapter 13 (၂) ခန်း ပါဝင်သည်။

Chapter 12 သည် ဒစ်ဂျစ်တယ်အီလက်ထရွန်းနစ် (Digital Electronics) နှင့် သက်ဆိုင်သော အခန်းဖြစ်သည်။ Analog နှင့် digital signals များ၏ ကွာခြားပုံနှင့် AND, OR, NOT, NAND, NOR အစရှိသော logic gate များ၏ အလုပ်လုပ်ပုံကို နားလည်ရန် လိုအပ်သည်။ Boolean Algebra ကို အသုံးပြု၍ logic circuits များကို ရိုးရှင်းအောင် ပြုလုပ်နည်းကိုလည်း မိတ်ဆက်ပေးသည်။

Digital Electronics and Communication Systems ဘာသာရပ်သည် ခေတ်သစ်နည်းပညာ ကမ္ဘာ၏အခြေခံအဆောက်အအုံပင်ဖြစ်ပါသည်။ ရူပဗေဒဘာသာရပ်၏ ဤဘာသာရပ်ခွဲသည် transistor နှင့် microchip ကဲ့သို့သော အစိတ်အပိုင်းများကို အသုံးပြုပြီး circuit များ ရေးဆွဲခြင်း၊ electronics ပစ္စည်းများကိုအသုံးပြု၍ သတင်းအချက်အလက်များ ကိုင်တွယ်ခြင်း၊ တစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်းတို့ကို လေ့လာပါသည်။

Electronic System ထဲမှ အဓိကအစိတ်အပိုင်းများကို active components နဲ့ passive components ဟူ၍ နှစ်မျိုးခွဲထားပါသည်။ Active components ဆိုသည်မှာ အလုပ်လုပ်ရန်အတွက် ပါဝါအရင်းအမြစ် လိုအပ်သောအရာများဖြစ်ပြီး၊ passive components တွင် မလိုအပ်ပေ။

Zener Diode သည် ပုံမှန် diode များနှင့် မတူညီပါ။ ၎င်းသည် လျှပ်စီးကြောင်းကို ရှေ့ဘက်သို့သာမက reverse voltage ကို ကျော်လွန်သောအခါတွင် နောက်ဘက်သို့ပါ စီးဆင်းစေနိုင်ပါသည်။ ထိုသို့ စီးဆင်းရန်အတွက် သတ်မှတ်ထားသော reverse voltage (ပြောင်းပြန်ဗို့အား) သက်ရောက်မှုရှိရပါမည်။ ဤဂုဏ်သတ္တိကြောင့် Zener Diode သည် circuit တစ်ခုထဲတွင် ဗို့အားကို မပြောင်းလဲဘဲ ထိန်းထားပေးရန် (voltage regulation) နှင့် ပါဝါမြင့်တက်မှုများမှ ကာကွယ်ရန်အတွက် အသုံးဝင်ပါသည်။

Light Emitting Diode (LED) ဆိုသည်မှာ လျှပ်စီးကြောင်းဖြတ်သန်းသည့်အခါ အလင်းထုတ်ပေးသော semiconductor ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ပါဝါသုံးစွဲမှုနည်းခြင်း၊ သက်တမ်းရှည်ခြင်း၊ အရွယ်အစားသေးငယ်ခြင်း အစရှိသည့် အားသာချက်များကြောင့် LED များကို indicator အဖြစ်သာမက display များတွင်ပါ နေရာအနှံ့ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

Photodiode သည် Light Emitting Diode နှင့် ဆန့်ကျင်ဘက် အလုပ်လုပ်သော ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ၎င်းကို အလင်းကျရောက်သည့်အခါ လျှပ်စစ်စီးကြောင်းထုတ်ပေးပါသည်။ ထို့ကြောင့် CD player များ၊ TV remote control ကဲ့သို့သော ကိရိယာများတွင် အလင်းအာရုံခံကိရိယာ (sensor)အဖြစ် အသုံးပြုကြပါသည်။

ဤ အထူးdiode များအပြင် အခြားသော အာရုံခံကိရိယာများသည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ Light Dependent Resistor (LDR) ဟူသည် ၎င်းအပေါ်ကျရောက်သော အလင်းပြင်းအား များလာသည်နှင့်အမျှ ၎င်း၏ လျှပ်စစ်ခုခံမှု (resistance) ကျဆင်းသွားသော အစိတ်အပိုင်းပင်ဖြစ်ပါသည်။ ထိုဂုဏ်သတ္တိသည် ညအချိန်တွင် အလိုအလျောက်လင်းသည့် လမ်းမီးများ၊ ခိုးသူသတိပေးစနစ် (burglar alarm) များတွင် အလွန်အသုံးတည့်ပါသည်။

Thermistor သည် အပူချိန်ပြောင်းလဲမှုကို ခုခံမှုပြောင်းလဲမှုအဖြစ် တိုင်းတာပေးသော အာရုံခံကိရိယာတစ်မျိုးဖြစ်ပါသည်။ Negative Temperature Coefficient (NTC) thermistor ဟုခေါ်သော အမျိုးအစားသည် အပူချိန်မြင့်တက်လာသည်နှင့်အမျှ ၎င်း၏ ခုခံမှု ကျဆင်းသွားပါသည်။ ထို့ကြောင့် ၎င်းကို အပူချိန်တိုင်းတာရန်နှင့် ထိန်းချုပ်ရန်အတွက် အသုံးပြုကြပါသည်။

ခေတ်သစ်ပစ္စည်းများထဲတွင် သတင်းအချက်အလက်များ ကိုင်တွယ်ခြင်းကို digital electronics မှ လုပ်ဆောင်ပေးပါသည်။ ဤစနစ်၏ အခြေခံအုတ်မြစ်မှာ logic gate များပင် ဖြစ်ပါသည်။ Logic gate များသည် binary input (0 & 1) တို့ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်ချသော အခြေခံအဆောက်အအုံများဖြစ်ပါသည်။ AND, OR, NOT gate များသည် အခြေခံအကျဆုံးသော logic gate များပင် ဖြစ်ပါသည်။ Logic gate များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် computer နှင့် smartphone များ၏ လုပ်ဆောင်ချက်အားလုံးကို လုပ်ဆောင်နိုင်သည့် ရှုပ်ထွေးသော circuit များအား တည်ဆောက်နိုင်ပါသည်။

Electronics ပစ္စည်းများအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်အတွက် communication system များ လိုအပ်ပါသည်။ အခြေခံ electronic communication system တစ်ခုတွင် သတင်းအချက်အလက်ကို ပြင်ဆင်ပေးသည့် transmitter၊ သယ်ဆောင်ပေးသည့် channel နှင့် ဘာသာပြန်ပေးသည့် receiver ဟူ၍ ပါဝင်ပါသည်။ အသံကဲ့သို့သော သတင်းအချက်အလက်ကို အဝေးသို့ ပို့ဆောင်နိုင်ရန်အတွက် modulation လုပ်ငန်းစဉ်ကို အသုံးပြုကြပါသည်။

Amplitude Modulation (AM) တွင် သယ်ယူသွားမည့် radio wave (ကြိမ်နှုန်းမြင့် လျှပ်စစ်သံလိုက်လှိုင်း) ၏ amplitude (ပြင်းအား) ကို ပို့ချင်သည့် အသံလှိုင်းအတိုင်း ပြောင်းလဲပေးလိုက်ပါသည်။ Frequency Modulation (FM) ၌ radio wave ၏ frequency (ကြိမ်နှုန်း) ကို ပြောင်းလဲပေးပါသည်။ FM သည် AM ထက် အသံအရည်အသွေးပိုကောင်းပြီး အနှောင့်အယှက်ဒဏ် ပိုခံနိုင်စွမ်းရှိပါသည်။

အချက်အလက်ကို လက်ခံရာတွင် demodulation လုပ်ငန်းစဉ်နှင့် modulated လှိုင်းမှ မူလအသံလှိုင်းကို ပြန်လည်ထုတ်ယူပြီး speaker မှတစ်ဆင့် ပြန်လည် အသံထွက်ပေးပါသည်။

ဤအခြေခံမူများအား နားလည်ခြင်းသည် မိုဘိုင်းဖုန်းများ၊ အင်တာနက်နှင့် ကမ္ဘာ့အသံလွှင့် စနစ်များအပါအဝင် နည်းပညာကို ကောင်းစွာအသုံးချနိုင်ရန်နှင့် နားလည်စေရန် ပြတင်းပေါက်တစ်ခု ဖွင့်ပေးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။

နောက်ဆုံးအခန်းဖြစ်သည့် Chapter 13 သည် ခေတ်သစ်ရူပဗေဒ (Modern Physics) အကြောင်းကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ Modern Physics တွင် Radioactivity, Nuclear Energy နှင့် Special Relativity ဟူ၍ အဓိက သုံးပိုင်းရှိပါသည်။

Radioactivity ဆိုသည်မှာ atom တစ်လုံး၏ nucleus မှ alpha particles, beta particles နှင့် gamma rays ဟူသည့် စွမ်းအင်မြင့် radiation (၃)မျိုး ထုတ်လွှတ်သောဖြစ်စဉ် ဖြစ်ပါသည်။ Alpha particles မှာ ionizing အများဆုံးဖြစ်ပြီး စက္ကူထူထူနှင့်တား၍ ရပါသည်။ Beta particles မှာ Alpha particles ထက် ionizing ပိုနည်းပြီး ပါးလွှာသော အလူမီနီယံချပ်နှင့်တား၍ ရပါသည်။ Gamma rays သည် ionizing အနည်းဆုံးဖြစ်ပြီး ထိုးဖောက်နိုင်စွမ်းအများဆုံးဖြစ်သောကြောင့် ခဲထူထူနှင့်ပင်လျှင် အပြီးတိုင်မတားနိုင်ပေ။ Radioactive ပစ္စည်းတစ်ခု၏ half-life ဆိုသည်မှာ ၎င်းတွင်ရှိသော atom များ ထက်ဝက်ယိုယွင်းပျက်စီးရန် ကြာသည့်အချိန်ကို ခေါ်ပါသည်။ Radioisotopes များကို ဆေးပညာတွင် ရောဂါရှာဖွေကုသရန်၊ စက်မှုလုပ်ငန်းများတွင် ချွတ်ယွင်းချက်ရှာဖွေရန်နှင့် ရှေးဟောင်းပစ္စည်းများ၏ သက်တမ်းကို တွက်ချက်ရန် အသုံးပြုကြပါသည်။

Nuclear Energy သည် atom ၏ nucleus ကွဲထွက်မှုမှ ထွက်ပေါ်လာသည့်စွမ်းအင် ဖြစ်ပါသည်။ Uranium-235 ကဲ့သို့ heavy nucleus ကို neutron နှင့် ထိမှန်လျှင် ၎င်းသည် fission ဖြစ်ပြီး နှစ်ပိုင်းကွဲသွားကာ ကြီးမားသည့်စွမ်းအင် ထွက်လာပါသည်။ ဤဖြစ်စဉ်မှ neutron အသစ်များလည်း ထွက်လာပြီး အခြား nucleus များကို ဆက်တိုက်ကွဲစေခြင်းဖြင့် chain reaction ဖြစ်လာပါသည်။ Nuclear reactor ထဲတွင် ဤ chain reaction ကို ထိန်းချုပ်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူကြပါသည်။

Wave-Particle Duality ဆိုသော အယူအဆသည် light တွင် wave သဘောသာမက particle သဘောပါ တစ်ချိန်တည်းရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ Light of particle ကို photon ဟု ခေါ်ပါသည်။ Louis de Broglie က ဤအယူအဆကို ချဲ့ထွင်ပြီး ရွေ့လျားနေသည့် matter (ဥပမာ-electron) တွင်လည်း wave သဘောရှိသည်ဟု အဆိုပြုခဲ့ပါသည်။ ထိုသို့သော wavelength ကို de Broglie wavelength ဟုခေါ်ပါသည်။ Electron ကဲ့သို့ သေးငယ်သော particle များအတွက် ဤ wavelength ကို တိုင်းတာ၍ရသော်လည်း ဘတ်စကက်ဘောကဲ့သို့ ကြီးမားသည့်အရာများအတွက် သတိထားမိရန် မလွယ်ကူချေ။

Einstein's Special Theory of Relativity ၏ အဓိကအချက်နှစ်ချက်မှာ-

၁။ ရူပဗေဒသဘောတရားအားလုံးသည် inertial frame of reference အားလုံးတွင် အတူတူပင် ဖြစ်သည်။

၂။ Speed of light သည် vacuum ထဲတွင် အတူတူပင်ဖြစ်ပြီး speed of source သို့မဟုတ် observer ပေါ်တွင် မှီခိုခြင်းမရှိပေ။

ဤသင်ရိုးသည် စာမေးပွဲအတွက်သာမက အနာဂတ်ဘဝတွင်လည်း သိပ္ပံနှင့်နည်းပညာကို နားလည်အသုံးချနိုင်ရန်အတွက်ပါ အထောက်အကူပြုမည့် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်သည်။ သဘောတရားတိုင်းကို နက်ရှိုင်းစွာနားလည်ရန် ကြိုးစားပါက ရူပဗေဒဘာသာရပ်သည် ပိုမိုစိတ်ဝင်စားစရာ ကောင်းလာမည် ဖြစ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) တွင်ပါဝင်သည့် တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်း မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့်၂၀၂၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂)တွင်ပါဝင်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိတံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တွင် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားဦးမြို့နယ်ရှိ မြို့နယ်ခန်းမသို့ ရောက်ရှိပြီး သတ်မှတ်မဲရုံများသို့ထုတ်ပေးမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ စနစ်တကျ နေရာချစီစဉ်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွေးကောက်ပွဲလုပ်ငန်းစဉ်ပါ လုပ်ငန်းကဏ္ဍများ အလိုက် ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့ဝင်များကို အားပေးစကားများပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တံတားဦးမြို့နယ်အတွင်း မဲဆန္ဒရှင်များအတွက် ဆန္ဒမဲပေးနိုင်ရန် မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသည့် အမှတ်(၃)ရပ်ကွက်ရှိသမိုင်းဝင်ဆုတောင်းပြည့် ပေါင်းလဲကြီး (မဟာရွှေသာလျောင်း) မြတ်စွာဘုရားပရိဝုဏ်အတွင်း ဓမ္မာရုံ၊ အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)၊ တံတားဦးမြို့နယ် အားကစားခန်းမ၊ ပန်းယျကျေးရွာအုပ်စုရှိအခြေခံပညာမူလတန်းကျောင်း(ပန်းယျ)၊ သဲမောင်းကန်ကျေးရွာအုပ်စု သဲမောင်းကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်း ပလိပ်ကျေးရွာအုပ်စု ပလိပ်ရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)၊ အခြေခံပညာအထက်တန်းကျောင်း(စဉ့်ကိုင်)၊ တရုတ်စုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဘယ်လင်းကျေးရွာအုပ်စု တောင်ဦးကျေးရွာရှိ တောင်ဦးဓမ္မာရုံ၊ တောင်ရင်းရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း သွားရောက်၍ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို အောင်မြင်စွာကျင်းပနိုင်ရေး အလေးထားကာ ကဏ္ဍအလိုက်တက်ကြွစွာဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများပေးရာတွင် စိတ်အေးချမ်းမြေ့မှုဖြင့် အဆင်ပြေချောမွေ့စွာ ရာနှုန်းပြည့်မဲပေးနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်သွားရေး၊ ရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ပေးထားသည့် Tablet များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ပညာရေးစုံညီပွဲတော်တွင် ပါဝင်ကူညီကြသည့် ဘင်ခရာ/ပန်းဖွားအဖွဲ့နှင့် Fitness Dance အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ ကျောင်းသား ကျောင်းသူများ၏ ကရာတေး၊ လက်ဝှေ့သရုပ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပညာရေးစုံညီပွဲတော်သို့ လာရောက်ကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ စားသောက်ဖွယ်ရာများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကိုကြည့်ရှုကြပြီး ကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသော ပြခန်းများနှင့် တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်များ ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပညာရေးစုံညီပွဲတော် ဒုတိယပိုင်း အခမ်းအနားသို့ ဆက်လက်တက်ရောက်ရာ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်"တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် စီမံထူးချွန် (တတိယအဆင့်) ဆုရရှိသူတစ်ဦး၊ Clean and Green School ဆုရကျောင်းများ၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ တိုင်းဒေသကြီးအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တိုင်းဒေသကြီးအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ (၅၄)နှစ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ဆုရရှိကြသူများ၊ ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးပြိုင်ပွဲ ဗဟိုအဆင့် ဆုရရှိသူနှင့် ပညာသင်နှစ်အတွင်း အထိမ်းအမှတ်ပြိုင်ပွဲများတွင် သုံးနှစ်ဆက်တိုက် ဆုရရှိသူ၊ National ICT Award ဆုရရှိကြသူများ၊ (၁၄) ကြိမ်မြောက် ASEAN SCHOOL GAME အားကစားပြိုင်ပွဲသို့သွားရောက်ပြီး နိုင်ငံတော်အဆင့် ဆုရရှိသူများ၊ တိုင်းဒေသကြီးမှ ဗဟိုအဆင့် အားကစားပြိုင်ပွဲသို့ သွားရောက်ရန် ရွေးချယ်ခြင်းခံရသူများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ခင်းကျင်းပြသခဲ့သည့် ပြခန်းအကောင်းဆုံးဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ကြသည်။

ဆက်လက်၍ မုံရွာမြို့ပေါ်ရှိ အခြေခံပညာ ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ကျောင်းသူများ၏တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက သီဆိုကပြဖျော်ဖြေပေးသည့် ကျောင်းသား ကျောင်းသူအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့် မဲရုံအနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်များ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၈ ရက်က မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ဒုတိယဦးစီးမှူး ရဲသီဟ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၈**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၈-၁-၂၀၂၆ **ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၄၀၅ | ၃၄၄၂၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၄၄ | ၁၆၆၄၅၀ |
| MCB | ၇၇၀၀ | ၇၅၀၀ | ၄၃ | ၃၃၀၉၀၀ |
| FPB | ၂၅၅၀ | ၂၅၅၀ | ၃၇၁ | ၉၄၆၀၅၀ |
| TMH | ၃၂၀၀ | ၃၂၅၀ | ၁၉၃ | ၆၁၈၉၀၀ |
| EFR | ၁၆၅၀ | ၁၆၅၀ | ၄၁၀၈ | ၆၇၀၇၇၀၀ |
| AMATA | ၄၄၀၀ | ၄၅၀၀ | ၁၆ | ၇၁၄၀၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၁၀၄ | ၃၃၈၀၀၀ |

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မောက်မယ်မြို့နှင့် ကွန်ဟိန်းမြို့တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ မြို့နယ်ခန်းမ၊ ခိုယောင်းကျေးရွာရှိ မဲရုံ၊ နောင်လုံကျေးရွာရှိ မဲရုံနှင့် လုံပုန်းကျေးရွာအုပ်စုရှိ အမှတ်(၂)မဲရုံများအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် မြကန်သာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း မဲရုံနှင့် ဘန်းယဉ်မြို့ မင်္ဂလာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း မဲရုံများအားလည်းကောင်း၊ မောက်မယ်မြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်များအတွင်း မဲရုံနေရာများအားလည်းကောင်း သက်ဆိုင်ရာတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၂) အောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲကျင်းပမည့် မဲရုံများတွင် ကြိုတင်ပြင်ဆင်ထားရမည့်အခြေအနေ၊ မဲပေးရာတွင် စနစ်တကျ မြန်ဆန်မှန်ကန်မှုရှိစေရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မဲပေးစက်များ စနစ်တကျကိုင်တွယ်ရမည့် အခြေအနေ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံမဖွင့်မီ ကြိုတင်ဆောင်ရွက်ရမည့်အချက်များ၊ မဲပေးနေစဉ်နှင့် မဲရုံပိတ်ပြီး ဆောင်ရွက်ရမည့် အခြေအနေများ၊ ကြိုတင်မဲပေးခြင်းနှင့် ကြိုတင်မဲများ ရေတွက်ရာတွင် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် မိုင်းရယ်မြို့နယ်ရှိ မဲရုံများသို့ မဲပေးစက်များ ထုတ်ပေးနေမှုနှင့် မိုင်းရယ်မြို့နယ်ရှိ ဟိုယကျေးရွာ၊ ကောင်းမောင်ကျေးရွာ၊ နောင်မိုကျေးရွာ၊ လွယ်ငင်းကျေးရွာများတွင် ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၈**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျအပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**မိုင်းရယ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ရုံးမှ မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မဲစာရင်းတွင်ပါရှိပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး၊ ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ကျေးရွာအုပ်စုများ၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းရာတွင် မြို့နယ်ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့် ဝန်ထမ်းများ၊ ရပ်/ကျေးစာရေးများက နားဖျိုင်းကျေးရွာအုပ်စုနှင့် နားခိုကျေးရွာအုပ်စုတို့တွင် အိမ်ထောင်စုဇယားပုံစံ (၆၆/၆)တွင်ပါရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး၊ ပျောက်ဆုံးသူများအား လဲလှယ်၊ မိတ္တူများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေး မဲစာရင်းအမှတ်စဉ်များ တစ်အိမ်တက်ဆင်းဖြန့်ဝေ

**ကွန်ဟိန်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေး မဲစာရင်းအမှတ်စဉ်များ လိုက်လံဖြန့်ဝေပေးခြင်းကို ရပ်ကွက်/ ကျေးရွာအုပ်စုများအလိုက် ယနေ့နံနက်ပိုင်းက ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် တစ်အိမ်တက်ဆင်း မဲစာရင်းအမှတ်စဉ်များ ဖြန့်ဝေပေးခြင်းနှင့် ပတ်သက်၍ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မဲစာရင်းအမှတ်စဉ်များ သိရှိထားပါက ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မဲရုံသို့ လာရောက် မဲပေးနိုင်ရေး နှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး**

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးကုသမှုများဆောင်ရွက်



**အထက်မင်းလှ ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါစစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယမန်နေ့က မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ စစ်ဆေးကုသပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စန်းစန်းမိုးဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးများအား အခမဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## ခေါဇာမြို့၌ မဲစာရင်းအမှတ်စဉ်များ အိမ်တိုင်ရာရောက်ပေးအပ်

**ခေါဇာ ဇန်နဝါရီ ၈**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအားလုံး လွယ်ကူအဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းအမှတ်စဉ်များ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခြင်း၊ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို ဇန်နဝါရီ ၇ ရက်က ရပ်ကွက်/ ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ မဲစာရင်းအမှတ်စဉ်များ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်ခြင်း၊ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်တို့၏ ကြီးကြပ်မှုဖြင့် ခေါဇာမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်ကဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ပြည်သူများအားလုံး လွယ်ကူ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲစာရင်းအမှတ်စဉ်များ လိုက်လံပေးအပ်ခြင်း၊ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေ နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ခေါဇာ(ပြန်/ဆက်)**

## ရေးမြို့နယ်၌ တစ်အိမ်တက်ဆင်း မဲစာရင်းအမှတ်စဉ်များ ဖြန့်ဝေနေမှု တာဝန်ရှိသူများ လိုက်လံကြည့်ရှု

**ရေး ဇန်နဝါရီ ၈**

မွန်ပြည်နယ် ရေးမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေ ချောမွေ့စွာ မဲပေးနိုင်ရေး တစ်အိမ်တက်ဆင်း မဲစာရင်းအမှတ်စဉ်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၆ ရက်က ရပ်ကွက်အလိုက် ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မဲစာရင်းအမှတ်စဉ်များ ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်း အမှတ်စဉ်များ သိရှိထားပါက ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မင်းမင်း**

## မော်လိုက်မြို့၌ ရာခိုင်နှုန်းပြည့်မဲပေးနိုင်ရန် မဲစာရင်းနံပါတ်ကတ်များကို တစ်အိမ်တက်ဆင်းဖြန့်ဝေလျက်ရှိ

**မော်လိုက် ဇန်နဝါရီ ၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)တွင် အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရန်နှင့် ရာခိုင်နှုန်းပြည့် မဲပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ မဲစာရင်းနံပါတ်ပြားများ တစ်အိမ်တက်ဆင်း ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၇ ရက်က မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဖြန့်ဝေခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးနေထွန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေး စာရေးများ၊ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ



ရွေးကောက်ပွဲတွင် ရာခိုင်နှုန်းပြည့်မဲပေးနိုင်ရန်နှင့် အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရန်အတွက် မဲစာရင်းနံပါတ်များကို တစ်အိမ်တက်ဆင်းဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကိုထက်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း JunctionCity ကားမှတ်တိုင်ရှေ့၌ ဇန်နဝါရီ ၈ ရက်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလှုံ့ဆော်မှုအဖြစ် "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များ ဖြန့်ဝေလျက်ရှိရာ ကျောက်တံတားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ ပန်းဘဲတန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထွေးဦး၊ ဒဂုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



စေတုတ္တရာမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံများနှင့် မဲပေးစက်များအား ဇန်နဝါရီ ၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးရှိန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်စုများ၌ မဲရုံပြုလုပ်မည့် အခြေခံပညာကျောင်းများတွင် မီးဘေးလုံခြုံရေးရှိ/မရှိ စစ်ဆေးစဉ်။ ဆန်းကိုကို(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် အသုံးပြုမည့် MEVM မဲပေးစက်များထားရှိသည့်နေရာနှင့် ပတ်ဝန်းကျင်များ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ရဲနိုင်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၈ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ မောင်မျိုးမင်း

## တိမ်အနည်းငယ်ဖြစ်ထွန်းနေ

**နေပြည်တော် ဇန်နဝါရီ ၈**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## သံဖြူဇရပ်မြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးနေမှုနှင့် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေများ ကြည့်ရှု

**သံဖြူဇရပ် ဇန်နဝါရီ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) ဦးကိုကိုလွင်နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့သည် ဇန်နဝါရီ ၆ ရက်က သံဖြူဇရပ်မြို့နယ်၌ ရွေးကောက်ပွဲတာဝန် ထမ်းဆောင်မည့်သူများ သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးနေမှုနှင့် မဲရုံတည်နေရာပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။



ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဖွင့်လှစ်သည့် သင်တန်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(မွန်ပြည်နယ်တာဝန်ခံ) ဦးကိုကိုလွင်က မဲရုံမှူး-ဒုမဲရုံမှူးများနှင့် တွေ့ဆုံပြီး၊ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်အသုံးပြုနည်းစနစ်များနှင့် မဲရုံစတင်မဖွင့်မီ ကြိုတင်ဆောင်ရွက်ရမည့်အချက်များ၊ မဲပေးနေစဉ်နှင့် မဲရုံပိတ်သိမ်းချိန်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မဲရုံတာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများက သိရှိလိုသည်များ ပြန်လည်ဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လက်ကမ်းစာစောင်ဖြန့်ဝေ

**မတ္တရာ ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေးခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ဆန္ဒမဲ ပိုမိုပေးနိုင်စေရေးအတွက် ပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပေးလက်ကမ်းစာစောင်များကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



"ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များကို မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မတ္တရာမြို့မဈေးအတွင်းနှင့် အပြင်ဘက် လူစည်ကားရာနေရာများ၌ ဖြန့်ဝေခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ( သက်တန့်ရောင်) စီမံကိန်း ဆောင်ရွက်သည့် သမအသင်းအမှုဆောင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ (သက်တန့်ရောင်) စီမံကိန်း ဆောင်ရွက်သည့် သမဝါယမအသင်းအမှုဆောင်များနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့တွေ့ဆုံရာတွင် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က မိုးစပါးရိတ်သိမ်းထွက်ရှိမှု မျိုးသွင်းအားစုများပံ့ပိုးပေးမှုအပေါ် ပြန်လည်ပေးသွင်းပြီးစီးမှု၊ နောက်သီးနှံစိုက်ပျိုးမှုအပေါ် ပံ့ပိုးပေးမှုအခြေအနေများကို စိစစ်ဆွေးနွေးပြီး (သက်တံရောင်) စီမံကိန်းနှင့် စပ်လျဉ်း၍ ရည်ရွယ်ချက်များ၊ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းအောင်မြင်စေရေး အသင်းအမှုဆောင်များနှင့် အသင်းသားများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။ **အောင်ကို (ပုဗ္ဗသီရိ)**




## တောင်ငူမြို့၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်းက ပညာရေးစုံညီပွဲတော်နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက လူရည်ချွန်ဆုရရှိသူများ၊ စိမ်းလမ်းစိုပြည်ဆု ရရှိသည့်ကျောင်းများ၊ အာဆီယံအဆင့် ဘတ်စကတ်ဘောဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုများ၊ National ICT ဆုများအပါအဝင် မြို့နယ်အဆင့် စာပေနှင့် အားကစားဆိုင်ရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**





သနပ်ပင်မြို့နယ်အတွင်းရှိ ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး အတွက် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားခြင်း မရှိသူများနှင့် (ပျက်စီး၊ ပျောက်ဆုံး၊ လဲလှယ်) တို့အား ဇန်နဝါရီ ၆ ရက်က စက်ကုန်းပိုင်းရပ်ကွက် အနော်မာရုံဘုန်းကြီးကျောင်း၌ One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မင်းလှမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်) တို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၅ ရက်က အမှတ်(၂) ရပ်ကွက် သီရိရတနာခန်းမ၌ ပြုလုပ်ပေးရာ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ပန်းတောင်းမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများနှင့် ပျောက်ဆုံး/ပျက်စီးသူများအား ဇန်နဝါရီ ၅ ရက်က ဆောင်ရွက်ပေးစဉ်။ လပြည့်လင်း(ပြန်/ဆက်)



မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို ဇန်နဝါရီ ၆ ရက်က တာပသွန်ကျေးရွာရှိ ဥယျာဉ်ခြံလုပ်သားများအား လက်ဝယ်အရောက် ထုတ်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့် မော်လမြိုင်၊ မုဒုံမြို့နယ်ဦးစီးမှူးတို့က ပြည်သူများ လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးစဉ်။ ရာမည(ပြန်/ဆက်)

## "မြန်မာ-ဂျပန် ရိုးရာမုန့်မျိုးစုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်ခြင်း"

မြန်မာ့ရိုးရာမုန့်များ ပြန်လည်ထွန်းကားလာပြီး အသင့်စားအခြားနိုင်ငံထုတ်မုန့်များအား လျော့ချနိုင်ရေး မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (AMJSEDC) မှ မြန်မာ- ဂျပန် ရိုးရာမုန့်မျိုးစုံပြိုင်ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်** ။ ၂၀၂၆ ခုနှစ် ၊ဇန်နဝါရီလ (၃၁) ရက်
**ကျင်းပမည့်အချိန်** ။ နံနက် (၉:၀၀) နာရီမှ ညနေ (၅:၀၀) နာရီအချိန်ထိ
**ကျင်းပမည့်နေရာ** ။ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ် (မြေပဒေသာကျွန်းအတွင်း)ရှိ ပုလဲကျွန်း(ငွေသောင်ယံ)

**ပြိုင်ပွဲဝင်မည့်မုန့်အမျိုးအစားသတ်မှတ်ချက်များ** ။ မြန်မာ့ရိုးရာမုန့်များဖြစ်သောမုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်လက်ဆောင်း၊ ပေါင်မုန့်အုန်းနို့ဆမ်း၊ ရွှေရင်အေး၊ မုန့်လုံးကြီးကြော်၊မုန့်လက်ကောက်ကြော်၊ အကြော်မျိုးစုံ၊ ဆီထမင်း၊ ရွှေထမင်း၊ ထမနဲ၊ မုန့်လင်မယား၊ သာကူမုန့်ဖက်ထုပ်၊ ကောက်ညှင်းမုန့်ဖက်ထုပ်၊ ပဲပေါက်စီ၊ အုန်းသီးပေါက်စီ၊ သာကူပြင်၊ မုန့်စိမ်းပေါင်း၊ မုန့်ဗိုင်းတောင့်၊ ဘီးမုန့်(ဘိန်းမုန့်မျိုးစုံ)၊ရွှေကြည်၊ ဆနွင်းမကင်း၊ မုန့်လိပ်ပြာ၊ မုန့်ကြာခွက်၊ မုန့်ကျွဲသဲ၊ မုန့်လက်နှိပ်၊ ထန်းသီးမုန့်နှင့် အခြားတိုင်းရင်းသားမုန့်များ

**ပြိုင်ပွဲဝင်များလိုက်နာရမည့်သက်မှတ်ချက်များနှင့် ဆုချီးမြှင့်ခြင်း**

(၁) မြန်မာ့ရိုးရာ မုန့်ရောင်းချနေသူ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
(၂) အနံ့၊ အရသာနှင့်သန့်ရှင်းသပ်ရပ်မှုရှိသည့်မုန့်များကို ဦးစားပေးရွေးချယ်သွားပါမည်။
(၃) ဝင်ရောက်ယှဉ်ပြိုင်မည့်မုန့်ရောင်းချသူများအနေဖြင့် မြေပြင်တွင် အမှန်တကယ် မြန်မာ့ရိုးရာမုန့်ရောင်းချသူများဖြစ်ရမည့်အပြင် ဆက်လက်၍ မြန်မာ့ရိုးရာ မုန့်ရောင်းချလိုသူဖြစ်ရမည်။
(၄) ပြိုင်ပွဲဝင်လိုသူများအနေဖြင့်အသင်း၏ ပြိုင်ပွဲကျင်းပရေးကော်မတီ (ဖုန်း-၀၉-၅၀၈၄၃၃၁၊ ၀၉-၇၉၇၁၆၉၇၇၂၊ ၀၉ - ၄၂၁၀၂၃၀၃၀) သို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက် မွန်းတည့် (၁၂:၀၀) နာရီ နောက်ဆုံးထားအမည်စာရင်း ပေးပို့သွားရန်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ပြန်လည်ပေးပို့သည့် လျှောက်လွှာပုံစံတွင် အချက်အလက်များ ဖြည့်သွင်းပေးရမည်။
(၅) ပြိုင်ပွဲဝင်ရန် ကော်မတီမှ ရွေးချယ်အတည်ပြုကြောင်းကို ပြန်လည်ဆက်သွယ်ပေးသွားပါမည်။
(၆) မြန်မာ့ရိုးရာမုန့်အုပ်စုတစ်ခုလျှင် (၃)ဦးစီကိုရွေးချယ်ပြီး ကျန်းမာရေးစစ်ဆေးမှုပြုလုပ်၍ သန့်ရှင်းကောင်းမွန်စွာ မုန့်ပြုလုပ်နိုင်သူ တစ်ဦးစီကို အရင်းအနှီးမတည်ငွေအဖြစ် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ စုငွေ သိန်း (၂၀) မှ သိန်း (၅၀) သိန်းအထိ ချီးမြှင့်သွားပါမည်။
(၇) ပါဝင်ယှဉ်ပြိုင်မည့် မုန့်အုပ်စုအမျိုးအစားနှင့် အရေအတွက်ပေါ်မူတည်၍ (၁၅) ဦးမှ (၂၀) ဦး အထိ ဆုငွေချီးမြှင့်ပေးသွားမည်။
(၈) ပြိုင်ပွဲဝင်မည့်မုန့်သည်များအနေဖြင့် ၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ (၁၆) ရက်မှ (၂၀) ရက်အတွင်း(သတ်မှတ်နေရာသို့) လူဦးရေ (၅) ဦးခန့်စာ နမူနာမုန့်များဖြင့် လာရောက်ယှဉ်ပြိုင်အရွေးခံရပါမည်။ လာရောက်စဉ် မိမိတို့၏ မုန့်ပြုလုပ်နေမှုနှင့် မုန့်ရောင်းချနေသည့်ဆိုင် နေရာအား မှတ်တမ်းဓာတ်ပုံနှင့် Video ဖိုင်များတပါးတည်း ယူဆောင်လာရပါမည်။
(၉) မိမိနေရာမှ ပြိုင်ပွဲဝင်ရန်နေရာသို့ သွားလာမှုကုန်ကျစရိတ်နှင့် မုန့် (၅) ဦးစာကျသင့်တန်ဖိုး ငွေများကို အသင်းမှ ကျခံပါမည်။
(၁၀) (၃၁-၁-၂၀၂၆) ရက်တွင် ဆုရရှိသည့်ပြိုင်ပွဲဝင်မုန့်သည်များကို မြေပဒေသာကျွန်းအတွင်း အခမဲ့မုန့်ဆိုင်ဖွင့်ရောင်းချစေပြီး ဆုငွေများချီးမြှင့်ပေးသွားပါမည်။ (ဆုရပြီး (၃၁) ရက်နေ့ပွဲတော်တွင် မုန့်ဆိုင်ဖွင့်လှစ်ရောင်းချနိုင်ခြင်းမရှိသူကို ဆုငွေချီးမြှင့်ခြင်းမပြုပါ)

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### ( တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ ၂၀ )
### မုဒုံမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၁

| | | |
|---|---|---|
| ဒေါ်သီတာဝင်း | နှင့် | ဦးအောင်ဆန်းဦး |
| (တရားလို) | | (တရားပြိုင်) |

မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာအရှေ့ပိုင်းနေ ဦးသန်းထွန်း၏သား တရားပြိုင် ဦးအောင်ဆန်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာအရှေ့ပိုင်းနေ ဦးမောင်စိန်၏သမီး တရားလို ဒေါ်သီတာဝင်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မြင့်ဌေး)**
**မြို့နယ်တရားသူကြီး**
**မုဒုံမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2917 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် (၇၄၊ ရွှေအိုက်)၊ ဦးပိုင်အမှတ် (၁၁၃၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အပိုင်းကို မူလက တပ်ကြပ်စိန်ဝင်းအမည်ဖြင့် ယာယီမြေပေးမိန့်အားလည်းကောင်း၊ ဦးပိုင် (၁၁၃၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အပိုင်းကို ဒုအရာခံ ဗိုလ်စိုးတင့်အမည်ဖြင့် ယာယီမြေပေးမိန့်အားလည်းကောင်း အသီးသီးရရှိထားသော မြေကွက်များဖြစ်ပြီး ဦးပိုင်(၁၁၃၀+၁၁၃၁)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိမြေကွက်အား မြေပေးမိန့်ရရှိထားသူ ဦးစိန်ဝင်းနှင့်ဦးစိုးတင့်တို့ထံမှ ဒေါ်ကွေဇိန်၏ခင်ပွန်း ဦးကျော်ညွန့်သောင်းက ၁၀-၁၂-၂၀၁၇ ရက်စွဲပါနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးကျော်ညွန့်သောင်းမှာ ၁၇-၁၁-၂၀၁၂ ရက်တွင်ကွယ်လွန်သွားခဲ့ပြီဖြစ်သဖြင့် ယခုအခါ ဒေါ်ကွေဇိန် ၁/မကန(နိုင်)၀၁၇၅၃၆ အမည်ဖြင့် ဦးပိုင်ပေါင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၃၅၉၁)ကို အမည်ပေါက် ဒေါ်သီတာထွေးဝင်း (ဘ)ဦးစိုးဝင်း ၉/ပမန(နိုင်) ၀၁၄၇၂၅ မှ ဒေါ်ထွေးထွေးလတ် (ဘ) ဦးဘိုစိန် ၉/ပမန(နိုင်)၀၄၅၈၀၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် ဒ-၃၀၅၉၀၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ခိုင်သန္တာဦး (ဘ) ဦးအောင်မြတ် ၁၂/ဒပန(နိုင်)၀၄၄၇၈၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခိုင်သန္တာဦးမှ ဒေါ်လှဲ့လှဲ့ဝင်း (ဘ) ဦးဇော်မင်း ၅/ခဥန(နိုင်)၀၈၈၇၀၂ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ် (ဒ-၂၆၂၉)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဦးကျော်စွာမြင့် (ဘ) ဦးစိန်မြင့် ၉/မသန(နိုင်)၀၀၀၀၅၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးကျော်စွာမြင့်မှ ဦးလမင်းထွန်း (ဘ) ဦးသိန်းထွန်းဦး ၅/ဒပယ(နိုင်) ၁၁၁၂၃၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃) တိုးချဲ့ရပ်ကွက်၊ မြလမ်းသွယ်(၂) လမ်း၊ အမှတ် (၉၃၁)ဟု ခေါ်တွင်သော ပေ(၁၀ x ၆၀) အကျယ်ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကိုကိုဝင်း ၁၂/ဥကတ(နိုင်)၀၂၀၆၃၆ က လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်မိုးခိုင်က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် ကျန်ငွေများကို အပြေအကျေပေးချေ၍ မြေကွက်နှင့်နေအိမ်အား လက်ရောက်ရယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမြတ်နိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၆၀)**
**ဖုန်း-၀၉-၈၈၃၃၂၁၀၂၀**

## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီး
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးရှိ Oxygen Plant (MD-600, SN: MDV210714355) စက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါ သည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်နှင့်အချိန်** - ၈-၁-၂၀၂၆ရက် (ကြာသပတေးနေ့) နံနက် (၉)နာရီမှညနေ (၄)နာရီအထိ
**တင်ဒါလျှောက်လွှာ ပိတ်ရက်နှင့်အချိန်** - ၂၁-၁-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄)နာရီ
**တင်ဒါလျှောက်လွှာ ရောင်းချ/လက်ခံမည့်နေရာ** - ထားဝယ်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို သိရှိလိုပါက ထားဝယ်ပြည်သူ့ ဆေးရုံကြီး (ဖုန်း-၀၅၉-၂၂၁၆၉) သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မ ဒေါ်မေမိုးထက် ၁၁/စတန(နိုင်) ၀၈၃၇၂၇နှင့် ဦးဝင်းကျော်ထွန်း ၁၃/မဆန(နိုင်) ၀၂၆၇၉၃ တို့သည် အသိသက်များရှေ့တွင် နှစ်ဦးသဘောတူကွာရှင်းခြင်းကို အထောက်အထားအပြည့်အစုံဖြင့် (၁၄-၂-၂၀၂၄) ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မေမိုးထက်** | **ဒေါ်ခင်သန္တာထွန်း(LL.B)** |
| **၁၁/စတန(နိုင်) ၀၈၃၇၂၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၇) အမှတ်(၁၂၀)၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၁၁၄၄၂** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစု၊ မြေဧရိယာ (၀.၀၈၂ ဧက) ရှိ မြေကွက်အမှတ် (ပ-၂၃)ကို အမည်ပေါက် ဦးကျော်ဆန်းဦး (ဘ)ဦးမောင်ထွေး ၉/တကန(နိုင်) ၂၀၀၈၂၈ မှ ဒေါ်လှဲ့လှဲ့အေး(ဘ)ဦးမြင့်မောင် ၉/အမရ(နိုင်)၀၀၅၂၇၃ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ (၆) လမ်းအနောက်၊ မြေကွက်အမှတ်(၁၀၁၀/ခ)မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၁) ခန်းတည်း (၆) ထပ်တိုက်၏ တိုက်အမှတ် (၁၀၁၀/ခ)၊ တတိယထပ်၊ (၄) လွှာ၊ အကျယ်အဝန်း (အလျား ၁၇ x အနံ ၅၄ )ပေ ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်ကေသီဦး ၁၀/မဒန(နိုင်)၁၆၁၂၄၀ က ဝယ်ယူပိုင်ဆိုင် အကျိုးခံစား ရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်သန်းသန်းစိုး ၈/တတက(နိုင်) ၁၇၉၃၅၃ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သန်းသန်းစိုး** | **ဒေါ်အေးသူဇာအောင်** |
| **၈/တတက(နိုင်) ၁၇၉၃၅၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃) အမှတ်(၁၁၂)၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၄၅၉၆၈၃၀** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ်- ၁၃၈၇/က၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ် (၁၃၈၇/က) ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသော (၁) ဒေါ်အေးအေးခင် ၁၂/ကမရ(နိုင်)၀၀၇၇၈၉ နှင့် (၂) ဦးကျော်စိုးညွှာ ၁၂/ကမရ(နိုင်)၀၀၇၇၈၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER ၊ အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၄၁၁၇၈၅၄**

## အမည်ပြောင်း

နေပြည်တော် ပညာထူးချွန်အောင်နိုင်သူ (W.E.C) ကိုယ်ပိုင်မူလတန်းကျောင်း မှ (ဘ) ဦးဝေထွန်းအောင် ၈/သရန(နိုင်) ၀၈၅၅၈၇ ၏သား မောင်စွမ်းပြည့်စုံ အား ယနေ့မှစ၍ မောင်စည်သူထွန်း ခေါ်ဆိုပါရန်။ **မောင်စည်သူထွန်း**

## ပတ်စ်ပို့ပျောက်

မလီးကျူ ၁၃/သနန(နိုင်) ၀၅၉၇၂၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09672483773**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အခြေခံပညာအထက်တန်း (ဘာဘူကုန်း)ကျောင်းမှ Grade-5 မှ မယွန်းဝတီနှင့် Grade-3 မှ မယုဝတီတို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဇာမျိုးမင်းဦး ၉/စကန(နိုင်) ၁၀၄၈၉၄ ဖြစ်ပါကြောင်း။

**ဦးနိုင်ဇာမျိုးမင်းဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁၂-၂၀၂၅ ရက်နေ့ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၁) ကညန ခရိုင်ရုံး(တောင်ငူ)၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 6W/9384 အစား 63W/9384 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ နောက်ဆုံးနှစ် ဓာတုဗေဒအထူးပြုဖြင့် ဖြေဆိုအောင်မြင်ခဲ့သော ဒေါ်သင်းသင်းခိုင် ၆/တသရ(နိုင်)၀၅၅၈၇၀ ၏ ဖခင် ဦးစိုးတင့်နှင့် ဦးစိုးဇင် ၆/တသရ(နိုင်) ၀၀၉၉၀၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးတင့်(ခ)ဦးစိုးဇင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/5546 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/5547 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/57155, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးထွဋ်မင်း ၁၄/မအန(နိုင်) ၂၃၈၅၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## အများပြည်သူသို့ အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ကို (Green City)၊ (Clean City)၊ (Smart City)၊ ဖြစ်စေရေးအတွက် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ပျက်စီးမှုမရှိစေရန် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပြီး မြေယာအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရေး အများပြည်သူတို့ သိရှိအောင် နိုင်ငံပိုင်သတင်းစာများတွင် ယခင်ကလည်းအသိပေး ကြေညာခဲ့ပြီး ဖြစ်ပါသည်။

